ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး**

(၁၂)ရက်မြောက်နေ့မှတ်တမ်း

**၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်**

**( ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက် )**

**[ ကြာသပတေးနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေးရဲ့ (၁၂)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၃)ဦး ရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၇၉)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၀.၂၇)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးရဲ့ (၁၂)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၃။**

**စောယုားဖောင်အွာ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ၂၃-၈-၂၀၁၈ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်

နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် စောယှားဖောင်အွာ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များမှာ ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး။ ဦးမင်းဆွေနိုင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဦးဖြေရယ်(ခ)ဦးမြင့်သန်းထွန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဦးစောချစ်ဦး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဒေါ်ခင်ဆွေလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ၎င်းအတိုင်း။ ဦးဝင်းအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဦးအောင်ဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဒေါက်တာမိုးမြင့်အောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဦးပြုံးလွင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဦးကျော်မြင့်ဦး၊ မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဦးလှမြင့်(ခ)ဦးလှမြင့်သန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဗိုလ်မှူးချုပ်တင်ဆွေ၊ တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ၎င်းအတိုင်း။ ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဒေါ်နွယ်နွယ်အောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီအစည်းအဝေး။ ဦးစိုင်းစံအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးသိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလားလ်မင်းထန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ကျန်းမာရေး။ ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းဝမ်းလှိုင်းခမ်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာခင်မောင်ဝင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၁)၊ ဆေးရုံတက်ရောက်ကုသနေပါသဖြင့်။ ဦးမာန်လောမောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီအစည်းအဝေး။ ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဦးစောသန်းထွဋ်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဦးသန်းစိုး(ခ)သန်းစိုး(ဘောဂဗေဒ)၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဗိုလ်မှူးချုပ်အောင်စန်းချစ်၊ တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ၎င်းအတိုင်း။ ဦးနိုင်သီဟ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ရေဘေးကယ်ဆယ်ရေး။ ဒေါ်စန်းစန်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာစန်းမောင်မောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်ပခရီးစဉ်။ ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဆန်းမြင့်၊ ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဦးစခင်ဇော်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဦးမောင်မောင်အုန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ၎င်းအတိုင်း။ ဒေါက်တာပြည့်ဖြိုး၊

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ဒ၇င်းအတိုင်း။ မန်းတိုးရွှေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ၎င်းအတိုင်းတို့ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၇)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၃၇)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၄၄)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ ပန်ကြား တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၃)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၇)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၃၇)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၄၄)ဦး ဖြစ်ပြီး ခွင့်မဲ့ ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းတဲ့ မေးခွန်းများဟာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ကချင်ပြည်နယ်လွှတ်တော်မှ ကွင်းဆင်းစစ်ဆေးခဲ့သည့် တရုတ်တစ်သျှူးငှက်ပျောပင် စိုက်ခင်းများနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရတွင် ရှိသည့်စာရင်းနှင့် မြေပြင်စာရင်းများ ကွဲလွဲနေပြီး အခွန်အခ ဘီလျံနှင့်ချီ နစ်နာနေခြင်း၊ လက်ရှိ စိုက်ပျိုးဧက (၄၀၀၀၀)ကျော်အနက် ခွင့်ပြုချက်မရသေးသည့် မြေများပေါ်တွင် စိုက်ပျိုးလုပ်ဆောင်နေခြင်းများကို သက်ဆိုင်ရာ ဝန်ကြီးဌာနအနေဖြင့် မည်သို့အရေးယူ ဆောင်ရွက်မည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးနိုင်ကိုကို က ကချင်ပြည်နယ်လွှတ်တော်မှ ကွင်းဆင်းစစ်ဆေးခဲ့သည့် တရုတ်တစ်သျှူးငှက်ပျောပင် စိုက်ခင်းများနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရတွင်ရှိသည့် စာရင်းနှင့်မြေပြင်စာရင်းများ ကွဲလွဲနေပြီး အခွန်အခ ဘီလျံနှင့်ချီ နစ်နာနေခြင်း၊ လက်ရှိစိုက်ပျိုးဧက (၄၀၀၀၀)ကျော်အနက် ခွင့်ပြုချက်မရသေးသည့် မြေများပေါ်တွင် စိုက်ပျိုးလုပ်ဆောင်နေခြင်းများကို သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် မည်သို့အရေးယူ ဆောင်ရွက်မည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဦးနိုင်ကိုကို၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်တစ်ရပ်လုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါရစေ။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ကိုကို ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမယ့် မေးခွန်းနှင့်ပတ်သက်ပြီး Power Point အသုံးပြုခွင့် တောင်းခံအပ်ပါတယ်။

ကချင်ပြည်နယ်၊ မြစ်ကြီးနား၊ ဝိုင်းမော်၊ မိုးမောက်၊ မံစီ၊ ဗန်းမော်၊ ရွှေကူ၊ ဒေါ့ဖုန်းယန် အစရှိတဲ့ မြို့ဧရိယာ တော်တော်များများမှာ တရုတ်ပြည်မှ လုပ်ငန်းရှင်များ အခြေခံတဲ့ ကုမ္ပဏီအများစုသည် တစ်သျှူးငှက်ပျော အကြီးအကျယ် ရင်းနှီးမြှုပ်နှံ လုပ်ကိုင်လျက်ရှိရာ နှစ်အတော်ကြာပြီဖြစ်ပါတယ်။ အချို့က တရားဝင်ခွင့်ပြုမိန့်ဖြင့် စိုက်ပျိုးနေကြသလို တချို့က တရားမဝင်နည်းများဖြင့် သက်ဆိုင်ရာ

မြို့နယ်မှ တာဝန်ရှိသူ၊ ဆိုင်ရာပိုင်ရာ အကြီးအကဲတွေနဲ့ အဆင်ပြေသလို စိုက်ပျိုးနေကြခြင်းများ ရှိကြရာ လူမှုပတ်ဝန်းကျင်အခြေအနေကို ထိခိုက်စေနိုင်တဲ့ အဆိုပါ တစ်သျှူးငှက်ပျောစိုက်ပျိုးခြင်း လုပ်ငန်းများကို မကြပ်မတ်နိုင်ပါက နိုင်ငံတော်လည်း အခွန်အခအကျိုးအမြတ်မရ၊ ဒေသခံပြည်သူများ လည်း နစ်နာနိုင်မှုများ ကြုံတွေ့ကြရမှာဖြစ်ပါတယ်။ ယခုဆိုလျှင် စစ်ဘေးရှောင်ပြေးနေကြရတဲ့ တိုင်းရင်းသားပြည်သူအများစုရဲ့အဖြစ်ဟာ မိမိတို့၏ရပ်ရွာနယ်မြေသို့ ပြန်လည်အခြေချ နေထိုင်နိုင်ခြင်း မရှိသေးဘဲ ဒေသခံတို့ရဲ့ ယခင်စိုက်ပျိုးရှာဖွေစားသောက်ခဲ့ရာဒေသတွေမှာ တရုတ်တစ်သျှူး ငှက်ပျော စိုက်ခင်းကြီးတွေ မျက်စိတစ်ဆုံး နေရာယူ စိုက်ပျိုးထားသည်ကို တွေ့မြင်နေကြရပါတယ်။ ၂၀၀၆ ခုနှစ် ကတည်းက ဘိန်းအစားထိုးအမည်နဲ့ နေရာယူခဲ့တဲ့ ငှက်ပျောခင်းတွေဟာ ဝိုင်းမော်မြို့နယ် တစ်ခုတည်း မှာပဲ လက်ရှိဧကပေါင်း (၂၇၀၀၀)ကျော်ရှိနေပါတယ်။ တစ်သျှူးငှက်ပျော စိုက်ခင်းများသည် ကချင် ပြည်နယ်တစ်ခုလုံးရဲ့ ဗန်းမော်၊ မိုးမောက်၊ မံစီ၊ ဒေါ့ဖုန်းယန်၊ ရွှေကူမြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အစပ်နားထိဆိုလျှင် ခန့်မှန်းဧကပေါင်း(၁)သိန်းကျော်ထိ ရှိနိုင်ပါတယ်။

လီဆူအရပ်ဘက် အဖွဲ့အစည်းရဲ့ ၂၀၁၇ ခုနှစ်၊ သုတေသနပြုချက်အရ အဆိုပါ ငှက်ပျော စိုက်ခင်းတွေရဲ့ ဓာတုပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ မြေသြဇာတွေ အလွန်အကျွံသုံးစွဲထားခြင်းနှင့် သုံးပြီးသား ရေဆိုးတွေကို စည်းကမ်းမဲ့ စွန့်ပစ်ထားခြင်းတွေကြောင့် ရေအရင်းအမြစ်များပျက်စီးခြင်း၊ ကျွဲ၊ နွားများ သေဆုံးခြင်းနှင့် သဘာဝပတ်ဝန်းကျင်များကို ထိခိုက်လာစေရုံသာမက စိုက်ပျိုးမြေ ပျက်စီး ယိုယွင်းခြင်းအစရှိတဲ့ ဘေးထွက်ဆိုးကျိုးများစွာကို ခံစားနေကြရပါတယ်။ ၂-၈-၂၀၁၈ ရက်နေ့ ညနေ ပိုင်းမှာ ကချင်ပြည်နယ်သို့ တရုတ်ပြည်မှ ဝင်/ထွက်သွားလာနေတဲ့ ကန်ပိုက်တီလမ်းပေါ်မှာ ကချင် ပြည်နယ်အစိုးရအဖွဲ့ဟာ အခွန်မဆောင်ယာဉ်(၂၁)စီး၊ အခွန်ဆောင်ယာဉ်(၇)စီး၊ စုစုပေါင်းယာဉ်(၂၈)စီး ပေါ်မှာ ဖမ်းဆီးရမိခဲ့တဲ့ မြေသြဇာတွေ ပိုးသတ်ဆေးများ၊ တရားမဝင် ဝင်ရောက်ခဲ့တဲ့ တရုတ်နိုင်ငံသား (၇)ဦး အစရှိတဲ့ သတင်းအချက်အလက်တွေကို ထောက်ရှုကြည့်ခြင်းအားဖြင့် ဟိုးယခင့်ယခင်ကတည်းက အကြိမ်ပေါင်းများစွာ ဝင်ရောက်လုပ်ကိုင်နေကြသည်ကို ခန့်မှန်းသိရှိနိုင်ပြီး တာဝန်ရှိသူများအနေဖြင့် ပေါ့တန်စွာ လျစ်လျူရှုမနေသင့်တော့တဲ့အခြေအနေကို ရောက်ရှိနေပါတယ်။ နယ်မြေလုံခြုံရေးတာဝန် ယူထားတဲ့ တာဝန်ရှိသူများအနေနှင့် မိမိနိုင်ငံသားတွေကိုတော့ ဝင်/ထွက် ဖြတ်သန်းခွင့် ပိတ်ပင် တားမြစ်ထားပြီး အဆိုပါနေရာတွေမှာ နိုင်ငံခြားသား လုပ်ငန်းရှင်များကို တရားမဝင် လွတ်လွတ်လပ်လပ် ကျူးကျော်စိုက်ပျိုးလုပ်ကိုင်ခွင့်ပြုထားခြင်းဆိုတာ မဖြစ်သင့်တော့ပါ။

အဆိုပါ ငှက်ပျောခင်း စိုက်ပျိုးခြင်းများအား စီမံကိန်းလုပ်ငန်းချမှတ်ပြီး စစ်ဆေးအတည်ပြု အခွန်ကောက်ခံခြင်းများ ပြုလုပ်ဆောင်ရွက်နိုင်ရန်အတွက် ကချင်ပြည်နယ်လွှတ်တော်မှ ကွင်းဆင်း စစ်ဆေးခဲ့သည့် တရုတ်တစ်သျှူး ငှက်ပျောစိုက်ခင်းများနှင့်ပတ်သက်၍ အစိုးရတွင်ရှိသည့်စာရင်းနှင့် မြေပြင်စာရင်းများ ကွဲလွဲနေပြီး အခွန်အခ ဘီလျံနှင့်ချီ နစ်နာနေခြင်းများအပေါ် အမြန်ဆုံး မည်သို့ အရေးယူ ဆောင်ရွက်မည်ကို သိရှိလိုခြင်းနှင့် ခွင့်ပြုချက်မရရှိသေးသည့် မြေများပေါ်တွင် စိုက်ပျိုး လုပ်ဆောင်နေခြင်းများအား သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် မည်သို့၊ မည်ပုံ အရေးယူဆောင်ရွက် မည်ကို သိရှိလိုပါကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ မေးမြန်းအပ် ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

တရားဝင်ရော၊ တရားမဝင်ရော ဆိုင်ရာပိုင်ရာနှင့် ညှိ၊ ကြိုးဝိုင်းတောထဲအထိ ကျူးကျော်စိုက်ထားသည့် မြင်ကွင်း (န)



ပြည်နယ်အစိုးရက တရားမဝင်ဘူးပြော၊ ငှက်ပျောစိုက်ဖို့အတွက် တောကပြောင်၊ ကားလမ်းနံဘေးတောင် မကျန်ဖြစ်နေခြင်းပြပုံ(န-၁)



၂-၈-၂၀၁၈ ရက်နေ့၊ ကန်ပိုက်တီလမ်းမှဝင်ရောက်ခဲ့သည့် မြေသြဇာနှင့် ပိုးသတ်ဆေးသယ်ဆောင်သည့် ကားတန်းကြီး မြင်ကွင်းပုံ(န-၂)



**ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ ပန်ဇင်းမော် တာတမံရှိ ရေထုတ်ပြွန်(၂)ခု၏ လမ်းကြောင်းများအား ပိတ်ဆို့ထားသော ပုစွန်ကန်များကို တည်ဆဲဥပဒေများအရ အရေးယူပေးရန် ၄င်းရေထုတ်ပြွန် (၂)ခုမှ ရေထုတ်လွှတ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၁၂။**

ဥက္ကဋ္ဌ။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ် က ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ ပန်ဇင်းမော် တာတမံရှိ ရေထုတ်ပြွန်(၂)ခု၏ လမ်းကြောင်းများအား ပိတ်ဆို့ထားသော ပုစွန်ကန်များကို တည်ဆဲဥပဒေများအရ အရေးယူပေးရန် ၄င်းရေထုတ်ပြွန် (၂)ခုမှ ရေထုတ်လွှတ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ နှုတ်ဆက်ရင်း ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)က ဦးခင်မောင်လတ် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းက ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ ပန်ဇင်းမော် တာတမံရှိ ရေထုတ်ပြွန်(၂)ခု၏ လမ်းကြောင်းများအား ပိတ်ဆို့ထားသော ပုစွန်ကန်များကို တည်ဆဲဥပဒေများအရ အရေးယူပေးရန်နှင့် ၄င်းရေထုတ်ပြွန် (၂)ခုမှ ရေထုတ်လွှတ်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတာဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ပန်ဇင်းမော်တာတမံကို လွန်ခဲ့တဲ့(၂)နှစ်ကျော်လောက်က နိုင်ငံတော်အစိုးရက ဆည်ဖို့ပေးခဲ့ပါတယ်။ သိန်းထောင်ပေါင်းများစွာ ကုန်ကျခဲ့ပါတယ်။ တစ်ခုကို ကျပ်သိန်း(၅၀၀)၊ (၆၀၀)ခန့်ကုန်ကျတဲ့ ရေထုတ်ပြွန်(၃)ခု ပါဝင်ခဲ့ပါတယ်။ ဒါပေမဲ့ ဒီကနေ့အထိ လယ်သမားတွေအတွက် အကျိုးမဖြစ်ထွန်းသေးပါဘူး။ တာတမံထဲမှာ ရေပြည့်လျှံနေလို့ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ပြသခွင့် တောင်းခံအပ်ပါတယ်။ ဒါကတော့ ရေပြည့်နေတာဖြစ်ပါတယ်၊ တာတမံထဲမှာ။ ဒါကတော့ ရွာကို ရေပတ်လည်ဝိုင်းနေတာကို ရှင်းပြနေတဲ့ဓာတ်ပုံ ဖြစ်ပါတယ်။ ဒါကတော့ ရွာအစွန်က အိမ်တစ်ဆောင် ရေမြုပ်နေတာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါဟာ လောလောဆယ်ဖြစ်ပျက်နေတာပါ။ ပြီးခဲ့တဲ့နှစ်ကလည်း ဒီအတိုင်းပါပဲ။ ဒီလိုဖြစ်လာမှာကို ကြိုပြီးစိုးရိမ်တဲ့အတွက် ပြီးခဲ့တဲ့(၃)လခန့်က ရေပြည့်နေစဉ်မှာပဲ ဒီမေးခွန်းကို တင်သွင်းခဲ့တာ ဖြစ်ပါတယ်။ သက်ဆိုင်ရာဌာန အားလုံးကိုလည်း အကြောင်းကြားထားခဲ့ပါတယ်။ ဒါပေမဲ့ အခုလည်း ဒီအတိုင်းပါပဲ။ ရေပတ်လည်ဝိုင်းနေတဲ့အတွက် ထွန်ယက်လို့၊ စပါးစိုက်လို့မရပါဘူး။ ယခုဆိုရင် ဒီလိုမျိုးဖြစ်တာ (၂)နှစ်ရှိပါပြီ။ လူတွေနဲ့ ကျွဲ၊ နွားတွေကလည်း အကျယ်ချုပ်ဘဝနဲ့ နေရပါတယ်။ ဘယ်မှသွားစရာမရှိပါဘူး။ အသုဘလည်း ရွာမှာချလို့မရပါဘူး။ သင်္ချိုင်းကရေအောက်မှာ ရောက်နေလို့ ဖြစ်ပါတယ်။ ကျွဲ၊ နွား၊ တိရစ္ဆာန်တွေကလည်း မြက်မစားရပါဘူး။ မြက်တွေက ရေအောက်မှာရောက်နေပါတယ်။ ဒီရေတွေဟာ မိုးကုန်လို့၊ ကုန်တဲ့အထိ မကျတော့ပါဘူး။ ဒီလိုဖြစ်နေတာက ရေထုတ်ပြွန်(၃)ခုရှိရာမှာ (၂)ခုကို ပုစွန်ကန်တွေက လာရောက်ပြီးတော့ ပိတ်ဆို့ထားလို့ ဖြစ်ပါတယ်။ လိုချင်တာကတော့ သူတို့ ဒီတာတမံထဲက ငါးတွေ ထွက်လာရင် သူတို့ဖမ်းဖို့ လိုချင်လို့ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပုစွန်ကန်ပိုင်ရှင်တစ်စုဟာ ကျေးရွာတစ်ရွာလုံးနဲ့ ကျေးရွာအာဏာပိုင်များရဲ့အပေါ်မှာ ရောက်နေတာကြောင့် ဒီပြဿနာရှိနေတာ ဖြစ်ပါတယ်။ ဆည်မြောင်းဌာန၊ ငါးလုပ်ငန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနစတဲ့ စီမံခန့်ခွဲမှုအာဏာပိုင်များဟာ နိုင်ငံတော်က ပေးအပ်ထားသော အာဏာကို ကျင့်သုံးပြီး နိုင်ငံတော်မှ တည်ဆောက်ပေးထားသော တာတမံနှင့် ဆန်စပါး စိုက်ပျိုးရေးလုပ်ငန်းကို တားဆီးနေတာတွေကို ဖယ်ရှားပေးဖို့ ဒေသခံများရဲ့ကိုယ်စား လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

တာတမံအတွင်း ရေပြည့်နေပုံ(ပ)



ရေပတ်လည်ဝိုင်းနေသော ရွာအကြောင်း ရှင်းပြနေပုံ(ပ-၁)



ရေမြုပ်နေသော ကျေးရွာအစွန်မှအိမ်၏ မြင်ကွင်းပုံ(ပ-၂)



**စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် စိုက်ပျိုးရေး အတတ်ပညာရှင်များ ပိုမိုမွေးထုတ်ပေးနိုင်စေရန် စိုက်ပျိုးရေးသိပ္ပံ(သထုံ)ကို အောက်မြန်မာပြည်၏ စိုက်ပျိုးရေးကောလိပ် သို့မဟုတ် စိုက်ပျိုးရေးတက္ကသိုလ် အဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ် က စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် စိုက်ပျိုးရေး အတတ်ပညာရှင်များ ပိုမိုမွေးထုတ်ပေးနိုင်စေရန် စိုက်ပျိုးရေးသိပ္ပံ(သထုံ)ကို အောက်မြန်မာပြည်၏ စိုက်ပျိုးရေးကောလိပ် သို့မဟုတ် စိုက်ပျိုးရေး တက္ကသိုလ်အဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဒေါက်တာဇော်လင်းထွဋ်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွဋ် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်၏မဲဆန္ဒနယ် သထုံမြို့တွင် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးရေးအတတ်ပညာရှင်များနှင့် ကျွမ်းကျင်သူများ မွေးထုတ်ပေးရန်၊ တောင်သူလယ်သမားများအား ခေတ်မီစိုက်ပျိုးရေးနည်းပညာများ ပြန်လည်ဆင့်ပွားပညာပေးရန်၊ တောင်သူတို့၏ဝင်ငွေ တိုးတက်စေရန်နှင့် လူနေမှုဘဝဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ သထုံစိုက်ပျိုးရေးသိပ္ပံကို ၁၉၆၇ ခုနှစ်တွင် စတင်ဖွင့်လှစ်ကာ စတင်ဖွင့်လှစ်သည့်နှစ်မှ ၁၉၉၆ ခုနှစ်အထိ ပညာရေးဝန်ကြီးဌာန

အောက်တွင်ရှိခဲ့ပြီး ၁၉၉၇ ခုနှစ်မှ ယခုအချိန်အထိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနအောက်သို့ ရောက်ရှိခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် တင်ပြခွင့်ပြုပါ။ သထုံစိုက်ပျိုးရေးသိပ္ပံကျောင်းဖြစ်ပါတယ်။ သထုံမြို့ရဲ့မြောက်ဘက်(၃)မိုင်အကွာ၊ ရန်ကုန်မြို့မှ(၁၄၇)မိုင်အကွာ၊ ရန်ကုန်-မော်လမြိုင်ကားလမ်းမပေါ်မှာ တည်ရှိပါတယ်။ ကျောင်းပိုင်မြေအကျယ်အဝန်းမှာ ဧက(၃၀၀)ကျော်ရှိကြောင်းသိရှိရပါတယ်။ ဒါကတော့ ကျောင်းသားတွေရဲ့ အပင်ကာကွယ်ရေးဌာနမှာ လက်တွေ့စာသင်ယူနေတဲ့ပုံဖြစ်ပါတယ်။ ဒါကတော့ ကျောင်းသားများရဲ့ တောင်သူပညာပေးဆွေးနွေးပွဲ ဖြစ်ပါတယ်။ ဒါကတော့ လယ်ယာသီးနှံဌာနမှာ ကျောင်းသားများ လက်တွေ့ကွင်းဆင်းနေတဲ့ပုံ ဖြစ်ပါတယ်။ ဒါကတော့ မွေးမြူရေးဌာနမှာ ကာကွယ်ဆေးထိုး လက်တွေ့ဆောင်ရွက်နေတဲ့ပုံဖြစ်ပါတယ်။ ဒါကတော့ စိုက်ပျိုးရေးဓာတုဗေဒဌာနမှာ ကျောင်းသားများ လက်တွေ့ကွင်းဆင်းနေတဲ့ပုံ ဖြစ်ပါတယ်။ ဒါကတော့ စက်မှုလယ်ယာဌာနမှာ ထွန်စက်ကြီးတွေ လက်တွေ့မောင်းနှင်နေတဲ့ပုံ ဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ ရာဘာစိုက်ပျိုးထုတ်လုပ်မှုအတွက် ကျောင်းသားတွေ လက်တွေ့ဆောင်ရွက်နေတဲ့ပုံဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေးသိပ္ပံတွင် ဝန်ထမ်းအင်အား(၁၃၀)ဦး၊ ဆရာ၊ ဆရာမ (၃၅)ဦးနှင့်တာဝန်ထမ်းဆောင်လျက်ရှိကြောင်း သိရှိရပါတယ်။ ကျောင်းသား(၄၃၃)ဦးကို နှစ်စဉ် မွေးထုတ်ပေးလျက်ရှိပြီး ၂၀၁၆ - ၂၀၁၇ ပညာသင်နှစ်အထိ သထုံစိုက်ပျိုးရေးသိပ္ပံတွင် ကျောင်းဆင်းပြီးကျောင်းသား၊ ကျောင်းသူဦးရေ စုစုပေါင်း(၂၉၀၇)ဦးရှိပြီဖြစ်ကြောင်း သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေးကို အခြေခံသည့် မြန်မာနိုင်ငံတွင် အထက်မြန်မာနိုင်ငံကိုယ်စားပြု ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် တစ်ခုတည်းသာရှိကြောင်း သိရှိရပါတယ်။ စိုက်ပျိုးရေးဘွဲ့ရများအနေဖြင့် အလုပ်အကိုင် အခွင့်အလမ်း ကောင်းမွန်ခြင်းကြောင့် စိုက်ပျိုးရေးကောလိပ်သို့မဟုတ် တက္ကသိုလ်များသို့ တက်ရောက်ပညာသင်ကြားလိုသူများ တစ်နေ့တခြား ပိုမိုများပြားလာနေပြီဖြစ်ပါတယ်။ တစ်ဖက်တွင်လည်း မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးကဏ္ဍတွင် ကုန်ထုတ်လုပ်မှုတိုးတက်မြင့်မားလာစေရန် စိုက်ပျိုးရေးဘွဲ့ရများ ပိုမိုမွေးထုတ်ရန် လိုအပ်နေပြီဖြစ်ပါတယ်။ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ကို မူလက နှစ်စဉ်ကျောင်းသား(၃၀၀)ဦးသာ လက်ခံပြီး (၅)နှစ်တာကာလအတွက် စုစုပေါင်း(၁၅၀၀)ဦးသာ လက်ခံသင်ကြားရန် ရည်ရွယ်ဖွင့်လှစ်ခဲ့သော်လည်း ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် စုစုပေါင်း(၂၄၉၀)ဦး တက်ရောက်နေကြောင်း သိရှိရပါတယ်။ ကျောင်းသား၊ ကျောင်းသူအားလုံးအတွက် ဆရာ၊ ဆရာမဦးရေအချိုး၊ စာသင်ခန်းနှင့် ဓာတ်ခွဲခန်းဝင်ဆံ့မှုပမာဏမှာ မမျှမတဖြစ်နေပြီး အောက်မြန်မာပြည်တွင် စိုက်ပျိုးရေးကောလိပ် သို့မဟုတ် တက္ကသိုလ်တစ်ခု ဖွင့်လှစ်ရန်လိုအပ်နေပြီဖြစ်ကြောင်း ဖော်ညွှန်းလျက်ရှိပါတယ်။ အမျိုးသားပညာရေး မူဝါဒကော်မရှင်၏ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသည့် အစီရင်ခံစာအမှတ်(၃)တွင်လည်း စိုက်ပျိုးရေးသိပ္ပံများကိုဘွဲ့၊ ဒီဂရီအစီအစဉ်များ ပို့ချပေးနိုင်သော စိုက်ပျိုးရေးကောလိပ်များအဖြစ် အဆင့်မြှင့်တင်သင့်ကြောင်းအကြံပြုတင်ပြထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သထုံစိုက်ပျိုးရေးသိပ္ပံသည် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးရှိ မြို့ကြီးများသို့ အလွယ်တကူ နေ့ချင်းပြန် သွားလာနိုင်သော လမ်းဆုံကြီးဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မြေနေရာ ကျယ်ဝန်းခြင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်း၊ နေရာအချက်အချာကျသော သထုံ စိုက်ပျိုးရေးသိပ္ပံကို အောက်မြန်မာပြည်၏ စိုက်ပျိုးရေးကောလိပ် သို့မဟုတ် စိုက်ပျိုးရေးတက္ကသိုလ်အဖြစ် အဆင့်မြှင့်တင်ပေးပါရန် အစီအစဉ် ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။

သထုံ စိုက်ပျိုးရေးသိပ္ပံကျောင်း မြင်ကွင်းပုံ(ဖ)




လယ်ယာစက်မှုဌာန ထွန်စက်ကြီး လက်တွေ့မောင်းနှင်နေသည့် မြင်ကွင်းပုံ(ဖ-၁)



ရာဘာစိုက်ပျိုး ထုတ်လုပ်မှု လက်တွေ့ဆောင်ရွက်နေသည့် မြင်ကွင်းပုံ(ဖ-၂)




**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၀။**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးစွာ ကချင်ပြည်နယ် အမှတ်(၁၂)မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ကိုကို ရဲ့ မေးခွန်းကို ဖြေကြားပါမယ်။ ဒီမေးခွန်းပါ အကြောင်းအချင်းအရာတွေဟာ မိမိဝန်ကြီးဌာနအပြင် အခြားသော အဖွဲ့အစည်း ဝန်ကြီးဌာနများနှင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများ ဆက်စပ်နေသည့် အလျောက် ကချင်ပြည်နယ်အစိုးရအဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန တို့ရဲ့ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ပြန်လည်ဖြေကြားပေးပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်ဦးစီးဌာနအနေနဲ့ တရုတ်တစ်သျှူးငှက်ပျောပင်များ စိုက်ပျိုးမှုဟာ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ပေးထားတဲ့ ကုန်စည်အမျိုးအစားမှာပါတဲ့အတွက် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ရှိသော်လည်းပဲ ဝင်ငွေခွန်စည်းကြပ်ထိုက်တဲ့ စုစုပေါင်းဝင်ငွေရရှိမှုအပေါ်မှာ ဝင်ငွေခွန်ကောက်ခံလျက်ရှိကြောင်း သိရပါတယ်။ ကချင်ပြည်နယ်၊ မြစ်ကြီးနား၊ ဝိုင်းမော်၊ ဗန်းမော်၊ ရွှေကူ၊ မံစီ၊ မိုးမောက်၊ ဒေါ့ဖုန်းယန် ဧရိယာတွေမှာ တစ်သျှူးငှက်ပျောစိုက်ပျိုးမှုနှင့်စပ်လျဉ်းပြီး ပြည်နယ်အစိုးရအဖွဲ့မှ ပြည်တွင်းကုမ္ပဏီတွေအပေါ် ကန်ပိုက်တီ

နှင့်လွယ်ဂျယ် နယ်စပ်ဂိတ်စခန်းတွေကနေ တစ်သျှူးငှက်ပျောကားတွေ ဖြတ်သန်းသယ်ယူခွင့်ကို လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ ခွင့်ပြုပေးလျက်ရှိကြောင်း သိရပါတယ်။

တစ်သျှူးငှက်ပျောကားတွေ ပြည်တွင်းကုမ္ပဏီများမှ နယ်စပ်ဂိတ်တွေကနေတစ်ဆင့် တစ်ဖက်နိုင်ငံ တရုတ်ပြည်ကို တင်ပို့တဲ့အခါမှာ ကြိုတင်ဝင်ငွေခွန် (၂)ရာခိုင်နှုန်းကို မြစ်ကြီးနားမြို့နယ် အခွန်ဦးစီးမှူးရုံးနှင့် ဗန်းမော်မြို့နယ် အခွန်ဦးစီးမှူးရုံးတို့မှ ကောက်ခံလျက်ရှိပါတယ်။ တရုတ်တစ်သျှူးငှက်ပျောစိုက်ပျိုးမှုနှင့် စပ်လျဉ်းပြီး မြစ်ကြီးနားမြို့နယ် အခွန်ဦးစီးမှူးရုံးနှင့် ဗန်းမော်မြို့နယ် အခွန်ဦးစီးမှူးရုံးတို့မှာ ၂၀၁၃ - ၂၀၁၄ ခုနှစ်ကနေ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်အထိ ကုမ္ပဏီစုစုပေါင်း (၂၈)ခုကနေ ကြိုတင်ဝင်ငွေခွန် စုစုပေါင်း ကျပ်သန်းပေါင်း (၃၇၀၄.၂၈၂)သန်း ကောက်ခံရရှိထားပြီးဖြစ်ပါတယ်။ အဆိုပါကုမ္ပဏီတွေအပေါ် ရန်ကုန်တိုင်းဒေသကြီးရှိ အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၃)၊ မြစ်ကြီးနားနှင့် ဗန်းမော်အခွန်ရုံးတို့မှာ နှစ်အလိုက် အပြီးသတ်စည်းကြပ်မှုတွေကို ဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ၁-၄-၂၀၁၈ ရက်နေ့ကနေ ၁၅-၆-၂၀၁၈ ရက်နေ့အထိ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှာ ကုမ္ပဏီ(၉)ခုကနေ ကျပ်သန်းပေါင်း (၁၂၁.၁၇၆)ကိုလည်းကောင်း၊ ကန်ပိုက်တီ နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီ(၁၅)ခုကနေ ကျပ်သန်းပေါင်း (၁၇၉၉.၁၅၂)သန်း ကောက်ခံခဲ့ပြီး စုစုပေါင်းကျပ်သန်းပေါင်း (၁၉၂၀.၃၂၈)သန်း ကောက်ခံရရှိထားပြီးဖြစ်ကြောင်း သိရှိရပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ကန်ပိုက်တီ နယ်စပ်ဂိတ်နှင့် လွယ်ဂျယ် နယ်စပ်ဂိတ်တွေမှာ ပို့ကုန်ကြေညာလွှာ တန်ဖိုးအပေါ်မှာ ပြည်တွင်းအခွန်ဦးစီးဌာနမှ ကြိုတင်ဝင်ငွေခွန်ကို ကောက်ခံရရှိခဲ့ကြောင်း စိစစ်တွေ့ရှိမှုကို တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြစ်ကြီးနားမြို့နယ်၊ အကောက်ခွန်ဦးစီးဌာနမှူးရုံးအောက်မှာ ကန်ပိုက်တီ One Stop Service ရှိပြီး ကုန်ပစ္စည်း တင်သွင်းမှု၊ တင်ပို့မှုတွေကို ပူးပေါင်းအဖွဲ့များနဲ့ စစ်ဆေးဆောင်ရွက်လျက်ရှိပါတယ်။ ကန်ပိုက်တီ One Stop Service စခန်းမှာ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်ငှက်ပျောတင်ပို့မှုအနေနဲ့ ကုမ္ပဏီ(၉)ခုမှ စုစုပေါင်းအလေးချိန် ကီလို(၁၇၇၅.၇)သိန်း၊ တန်ဖိုးကျပ်သန်းပေါင်း (၇၁၀၂၇၈) တင်ပို့နိုင်ခဲ့ပြီး ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်မှာ ကုမ္ပဏီ (၁၉)ခုမှ စုစုပေါင်းအလေးချိန် ကီလို(၂၉၂၆.၆၄)သိန်း၊ တန်ဖိုးကျပ်သန်းပေါင်း (၁၁၇၀၆၅.၆) တင်ပို့ရရှိခဲ့ကြောင်းသိရပါတယ်။ ဗန်းမော်မြို့နယ် အကောက်ခွန်ဦးစီးမှူးရုံးလက်အောက်မှာ လွယ်ဂျယ် One Stop Service စခန်းရှိပြီး ကုန်ပစ္စည်း တင်သွင်း၊ တင်ပို့မှုတွေကို ပူးပေါင်းအဖွဲ့များနှင့် စစ်ဆေးဆောင်ရွက်လျက်ရှိပါတယ်။ လွယ်ဂျယ် One Stop Service စခန်းမှာ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ် ငှက်ပျောတင်ပို့မှုအနေနဲ့ ကုမ္ပဏီ(၉)ခုမှ စုစုပေါင်းအလေးချိန် ကီလို(၈၅.၆၂)သိန်းကျော်၊ တန်ဖိုးကျပ်သန်းပေါင်း (၃၄၂၅.၁) တင်ပို့နိုင်ခဲ့ပြီး ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ကုမ္ပဏီ(၆)ခုကနေ စုစုပေါင်းအလေးချိန် ကီလို (၁၃၅.၀၆)သိန်း၊ တန်ဖိုးအားဖြင့် ကျပ်သန်းပေါင်း (၅၄၀၂.၄)ကို တင်ပို့ခဲ့ပါကြောင်းနှင့် အကောက်ခွန်ဦးစီးဌာနအနေနဲ့ တစ်သျှူးငှက်ပျောတင်ပို့မှုမှာ Customs Duty အကောက်ခွန်ကောက်ခံခြင်းမရှိပါကြောင်း စိစစ်သိရှိရမှု တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပြည်နယ်အစိုးရအဖွဲ့တို့ရဲ့ ဖြေကြားချက်အရ ကချင်ပြည်နယ် မြစ်ကြီးနားခရိုင်နှင့် ဗန်းမော်ခရိုင်အတွင်းမှာ တစ်သျှူးငှက်ပျောစိုက်ပျိုးထားတဲ့ မြို့နယ်များမှာရှိတဲ့ လယ်ယာမြေပေါ်မှာ စိုက်ပျိုးလုပ်ကိုင်နေသူတွေ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိထားတဲ့လုပ်ငန်းရှင်တွေ လျှောက်ထားဆဲလုပ်ငန်းရှင်တွေ ကျူးကျော် လုပ်ကိုင်နေတဲ့ ဒေသခံတောင်သူလယ်သမားတွေနဲ့ တစ်သျှူးငှက်ပျော စိုက်ပျိုးလုပ်ကိုင်လျက်ရှိတဲ့ ကုမ္ပဏီအဖွဲ့အစည်းများကို ခေါ်ယူတွေ့ဆုံမှုရှိခဲ့ပါတယ်။ ငှက်ပျောစိုက်ဧကစာရင်းနှင့် မြေရာဇဝင်များ ရယူပြီးတဲ့နောက်မှာ ယင်းမြေတွေကို ဥပဒေနှင့်အညီဖြစ်စေရေး စိုက်ဧကစာရင်းနှင့် မြေစာရင်းများ၊ မြေရာဇဝင်များ စစ်ဆေးနိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ပြည်နယ်ဝန်ကြီးမှ အဖွဲ့ခေါင်းဆောင်ပါဝင်ပြီး အဖွဲ့ဝင်(၇)ဦးနှင့် ဖွဲ့စည်းစိစစ်ဆောင်ရွက် ထားရှိပြီးဖြစ်ကြောင်း သိရှိရပါတယ်။

အဖွဲ့အနေနဲ့ တစ်သျှူးငှက်ပျောစိုက်ရာဒေသအားလုံးကို ကွင်းဆင်းစိစစ်တဲ့အခါမှာ လုံခြုံရေးပိုင်းဆိုင်ရာ ကန့်သတ်ချက်ရှိတဲ့နယ်မြေများ ပါဝင်နေတဲ့အတွက် အဆိုပါနယ်မြေတွေကို သတင်း စာရင်းကောက်ယူမှုလုပ်ငန်းဖြင့် ဆောင်ရွက်မှုရှိကြောင်း သိရှိရပါတယ်။ ဒီလို သတင်းစာရင်း ကောက်ယူမှုလုပ်ငန်းကိုသာ ဆောင်ရွက်နိုင်တဲ့အနေအထားဖြစ်ကြောင်း သိရှိရပါတယ်။ ကချင်ပြည်နယ် အတွင်း တစ်သျှူးငှက်ပျောစိုက်ပျိုးမှုတွေကို ၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး၊ စိုက်ပျိုးဧကမှအပ ထပ်မံတိုးချဲ့စိုက်ပျိုးမှု မရှိစေရေးတို့အတွက် သက်ဆိုင်ရာကုမ္ပဏီ လုပ်ငန်းရှင်အဖွဲ့အစည်းများကို အသိပေးဆောင်ရွက်သွားဖို့ ကချင်ပြည်နယ် အစိုးရ အဖွဲ့ရုံးမှ မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဗန်းမော်ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတွေကို ညွှန်ကြားဆောင်ရွက်ထားကြောင်း သိရှိရပါတယ်။ ကချင်ပြည်နယ်မှာ မြစ်ကြီးနား၊ ဝိုင်းမော်၊ ဗန်းမော်၊ ရွှေကူ၊ မံစီ၊ မိုးမောက်၊ ဒေါ့ဖုန်းယန် မြို့နယ်များမှာ တစ်သျှူးငှက်ပျော သီးနှံတွေ စိုက်ပျိုးကြပါတယ်။ ယခင် ဗဟိုအဖွဲ့နဲ့ ဒေသခံအာဏာပိုင်အဖွဲ့တွေက ခွင့်ပြုထားတဲ့ မြေလွတ်၊ မြေလပ် နှင့်မြေရိုင်းများအပေါ်မှာ (၆၃၈၄)ဧက၊ ခွင့်ပြုမိန့်မရရှိသေးသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ အပေါ်မှာ (၁၉၆၈၉)ဧကခန့်၊ လယ်ယာမြေတွေပေါ်မှာ (၁၇၅၂၂)ဧက၊ သစ်တောမြေပေါ်မှာ (၆၃၆၅) ဧက၊ အခြားမြေပေါ်မှာ (၃၈၅)ဧက စုစုပေါင်း ဧရိယာ (၅၀၃၄၅)ဧက ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုအဖွဲ့နှင့် ဒေသ ဆိုင်ရာ စိုက်ပျိုးရေးအတွက် အပင်အမျိုးအစားများ ခွင့်ပြုချက်ပေးခြင်းဟာ ယခင် လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်အရလည်းကောင်း၊ ယခုတည်ဆဲ ၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံ ခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေများအရလည်းကောင်း၊ နှစ်ရှည်ပင်၊ ဥယျာဉ်ခြံသီးနှံ၊ ရာသီသီးနှံဟု သတ်မှတ်ပြဋ္ဌာန်းဆောင်ရွက်ထားမှုဖြစ်ပါတယ်။ မူလစိုက်ပျိုးလျက်ရှိတဲ့ သီးနှံမှ အခြားသီးနှံပြောင်းလဲ စိုက်ပျိုးခြင်းနှင့် ပတ်သက်ပြီး ၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ အခန်း(၆) ပုဒ်မ(၁၆) ပုဒ်မခွဲ(က)မှာ ခွင့်ပြုထားသည့် လုပ်ငန်းအမျိုးအစားနှင့် ယင်းဆက်နွယ်လျက် ရှိတဲ့ စီးပွားရေးလုပ်ငန်းများကိုသာ လုပ်ကိုင်ရမည်ဟု ပြဋ္ဌာန်းထားရှိပါတယ်။ ပုဒ်မခွဲ( င)မှာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်နှင့် စပ်လျဉ်းပြီး ဗဟိုကော်မတီက သတ်မှတ်သော စည်းကမ်းချက်များကို လိုက်နာရမည်ဟု ပြဋ္ဌာန်းထားရှိပါတယ်။ သို့ဖြစ်တဲ့အတွက် ကချင်ပြည်နယ်

အတွင်း ငှက်ပျောစိုက်ပျိုးထားသူများအနေနဲ့ ၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ သီးနှံပြောင်းလဲ စိုက်ပျိုးခွင့်ကို တင်ပြလျှောက်ထားရန် လိုအပ်မှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အလားတူ သစ်တောကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောဧရိယာတွေမှာ စိုက်ပျိုးလုပ်ကိုင်သူများအနေနဲ့ကတော့ သက်ဆိုင်ရာဌာန၏ ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်၊ အမှတ်(၁၂)မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ကိုကို ရဲ့ ကချင်ပြည်နယ်လွှတ်တော်မှ ကွင်းဆင်းဆောင်ရွက်ခဲ့သည့် တရုတ်တစ်သျှူးငှက်ပျောပင် စိုက်ခင်းများနှင့် ပတ်သက်ပြီး နိုင်ငံတော်အစိုးရတွင်ရှိသည့် စာရင်းနှင့် မြေပြင်စာရင်းများ ကွဲလွဲနေပြီး အခွန်အခ ဘီလျံနှင့်ချီ နစ်နာနေခြင်း၊ လက်ရှိစိုက်ပျိုးဧက (၄၀၀၀၀) ကျော်အနက် ခွင့်ပြုချက်မရသေးတဲ့ မြေတွေပေါ်မှာ စိုက်ပျိုးလုပ်ဆောင်နေခြင်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် မည်သို့အရေးယူ ဆောင်ရွက်မည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းပြီး မေးမြန်းတဲ့ မေးခွန်းအရ တစ်သျှူးငှက်ပျောများကို ပြည်တွင်းကုမ္ပဏီတွေက နယ်စပ်ဂိတ်များမှတစ်ဆင့် တစ်ဖက်နိုင်ငံတရုတ်ပြည်ကို တင်ပို့ရာမှာ ကြိုတင်ဝင်ငွေခွန် (၂)ရာခိုင်နှုန်းကို မြစ်ကြီးနားမြို့နယ်၊ အခွန်ဦးစီးဌာနရုံးတို့မှ ကောက်ခံလျက်ရှိပါကြောင်းနှင့် တစ်သျှူးငှက်ပျော စိုက်ပျိုးမှုနှင့် ပတ်သက်ပြီး ကုမ္ပဏီ၊ အဖွဲ့အစည်း၊ လုပ်ငန်းရှင်များမှ ခွင့်ပြုချက်မရသေးတဲ့ မြေတွေအပေါ်မှာ စိုက်ပျိုးနေမှုတွေကို ဥပဒေနှင့်အညီဖြစ်စေရေး ပြည်နယ်အစိုးရအဖွဲ့က ဖွဲ့စည်းထားသောအဖွဲ့နှင့် စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ရှင်းလင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး ရခိုင်ပြည်နယ် အမှတ်(၃)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ် ရဲ့ ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ ပန်ဇင်းမော် တာတမံရှိ ရေထုတ်ပွန်(၂)ခုရဲ့ လမ်းကြောင်းတွေကို ပိတ်ဆို့ထားတဲ့ ပုစွန်ကန်များကို တည်ဆဲဥပဒေများအရ အရေးယူပေးဖို့နဲ့ ၎င်းရေထုတ်ပွန် (၂)ခုမှ ရေထုတ်လွှတ်ပေးဖို့ အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်းအပေါ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပေါင်းစပ်ဖြေကြားပေးပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်အတွင်းမှာရှိတဲ့ ပန်ဇင်းမော် ရေငန်တားတာဟာ အလျားပေ(၂၈၄၀၀)ခန့် ရှည်လျားပါတယ်။ ဒေသမှ တည်ဆောက်ထိန်းသိမ်းထားတဲ့ လယ်သမားတာတစ်ခုဖြစ်ပါတယ်။ အဆိုပါ လယ်သမားတာမှာ တာပေါင်တွေ နိမ့်ကျကျိုးပေါက်လျက်ရှိတဲ့အတွက် လွန်ခဲ့တဲ့ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ပြန်လည်ပြုပြင်ပေးခဲ့ပါတယ်။ ဒီလိုပြုပြင်ပေးတဲ့အခါမှာ (၅ x ၆)ပေ ရေတံခါး(၂)ပေါက်၊ ရေထိန်းတံခါး (၃)ခုကိုလည်း ထည့်သွင်းတည်ဆောက်ပေးခဲ့ပါတယ်။ ပန်ဇင်းမော် လယ်သမားတာကို ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ပြုပြင်တည်ဆောက်ပေးခဲ့ပြီးနောက်မှာ ဒေသခံ တာထိန်းသိမ်းရေးကော်မတီသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး အဆိုပါ ကော်မတီကနေဆက်လက်စီမံထိန်းသိမ်းလျက်ရှိပါတယ်။ ၂၀၁၇ ခုနှစ် မိုးရာသီအတွင်းမှာ ပန်ဇင်းမော် လယ်သမားတာမှာရှိတဲ့ ရေတံခါးအမှတ်(၂)နှင့် အမှတ်(၃)တို့မှာ ပုစွန်မွေးမြူသူတွေက ကန်ပေါင်များဖို့ပြီး ရေထွက်ပေါက်

တွေကို ပိတ်ဆို့ထားတဲ့အတွက် တာအတွင်းမှ လယ်မြေများ ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်ခဲ့ပါတယ်။ အဆိုပါ ကိစ္စကို လယ်သမားများမှ တင်ပြတိုင်ကြားလာမှုအရ ပန်ဇင်းမော် လယ်သမားတာဟာ ကျေးရွာမှ ထိန်းသိမ်းထားမှုဖြစ်တဲ့အတွက် ဌာနမှအရေးယူဆောင်ရွက်ရန် မဖြစ်နိုင်တာကြောင့် ပုစွန်မွေးမြူသူများသို့ ရေထွက်ပေါက်ဖွင့်ပေးရန် ဌာနအနေဖြင့် ညှိနှိုင်းပေးခဲ့သော်လည်း ညှိနှိုင်း၍မရခဲ့ကြောင်း သိရှိရပါတယ်။

၂၀၁၂ ခုနှစ် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေအပိုဒ် ၂၃ (ဃ) မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးဟာ ဆည်မြောင်း တာတမံ၊ မြစ်ချောင်းနှင့် ဆက်စပ်တဲ့ရေမြောင်း၊ ရေစီးရေလာများကို ခွင့်ပြုချက်မရှိဘဲပိတ်ဆို့ခြင်း၊ ညစ်ညမ်းအောင်ပြုလုပ်ခြင်း၊ အကျိုးမဲ့ စီးဆင်းစေခြင်း၊ လွှဲပြောင်းရယူအသုံးပြုခြင်း၊ ရေတံခါးကို နှောင့်ယှက်ခြင်း၊ ဖျက်ဆီးခြင်း စသည်တို့ကို မပြုလုပ်ရန် တားမြစ်ရမည်ဟု ဖော်ပြထားတဲ့အတွက် ဒေသမှထိန်းသိမ်းထားတဲ့ အဆိုပါ တာနှင့်ပတ်သက်ပြီး ကျေးရွာအုပ်ချုပ်ရေးမှူးများက တားမြစ်အရေးယူဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တာဝန်ခံများအနေနဲ့ သက်ဆိုင်ရာ ညောင်ပင်ကြီး၊ ကပ်ချောင်း၊ ဆားပြင်ချေကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံကို ၆ - ၇ - ၂၀၁၇ ရက်နေ့တွင်လည်းကောင်း၊ ၄ - ၈ - ၂၀၁၇ ရက်နေ့တွင်လည်းကောင်း စာဖြင့်(၂)ကြိမ်တိုင်တိုင် ညှိနှိုင်းအသိပေး အကြောင်းကြားခဲ့သော်လည်းပဲ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအနေဖြင့် ဖြေရှင်းဆောင်ရွက်နိုင်ခြင်းမရှိခဲ့တဲ့ အခြေအနေဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်တဲ့အတွက် ပန်ဇင်းမော်လယ်သမားတာမှာ ဒေသခံထိန်းသိမ်းရေး ကော်မတီမှ ထိန်းသိမ်းစီမံလျက်ရှိတဲ့အတွက်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားတဲ့ ၂၀၁၂ ခုနှစ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေပြဋ္ဌာန်းချက်များအရလည်းကောင်း ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအနေနဲ့ အထက်အုပ်ချုပ်ရေးအဖွဲ့အစည်း အဆင့်ဆင့်၏ လမ်းညွှန်မှုကိုခံယူပြီး ရေတံခါး ထွက်ပေါက်များအား ပုစွန်ကန်ပေါင်များနဲ့ ပိတ်ဆို့မှု မရှိစေရေး တားမြစ်စီမံ ဆောင်ရွက်သွားရမည်ဖြစ်ပြီး လိုက်နာမှုမရှိပါက တည်ဆဲဥပဒေများနဲ့အညီ အရေးယူဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေနဲ့လည်း ကျေးရွာ ဆည်၊ တာ ကော်မတီ၏ အစီအစဉ်နဲ့ တာဝန်ယူထိန်းသိမ်းထားတဲ့ လယ်သမားတာဖြစ်တဲ့အတွက် ရေလမ်းကြောင်း ပိတ်ဆို့နေတဲ့ ပုစွန်ကန်ဖယ်ရှားရေးကို အသိပေးအကြောင်းကြားသွားမှာဖြစ်ပြီး လိုက်နာမှုမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားရန် စီစဉ်ထားရှိပါကြောင်း လွှတ်တော် ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဆက်လက်ပြီး မွန်ပြည်နယ် အမှတ်(၉)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွဋ် ရဲ့ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေဖို့ စိုက်ပျိုးရေး အတတ်ပညာရှင်တွေ ပိုမိုမွေးထုတ်ပေးနိုင်စေရန် စိုက်ပျိုးရေးသိပ္ပံ(သထုံ)ကို အောက်မြန်မာပြည်၏ စိုက်ပျိုးရေးကောလိပ် သို့မဟုတ် စိုက်ပျိုးရေးတက္ကသိုလ်အဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းအပေါ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေးသိပ္ပံများရဲ့ သမိုင်းကြောင်းဟာ ယခင် ပညာရေးဝန်ကြီးဌာန၊ စက်မှု၊ စိုက်ပျိုးရေးနှင့် အသက်မွေးပညာဦးစီးဌာန လက်အောက်မှာ စတင်သန္ဓေတည်ခဲ့ပါတယ်။ လက်တွေ့ဆောင်ရွက်မှုနှင့် ထိရောက်စွာ ပညာသင်ကြားနိုင်ဖို့အတွက် ၁၉၉၇ ခုနှစ်၊ ဇန်နဝါရီလမှာ ယခင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လက်အောက်မှာရှိတဲ့ စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာနသို့ လွှဲပြောင်းပေးပြီး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။ စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာနအနေနဲ့ ရုံးချုပ်အနေအထားသာရှိပြီး တိုင်းဒေသကြီး/ပြည်နယ်တွေမှာ လက်အောက်ခံဌာနခွဲမပါရှိတဲ့အတွက် စိုက်ပျိုးရေးဦးစီးဌာနမှ အပြည့်အဝ ပူးပေါင်းဆောင်ရွက်ပေးနိုင်ရေး ၂၀၁၂ ခုနှစ်၊ ဇွန်လမှာ စိုက်ပျိုးရေးဦးစီးဌာနသို့ လွှဲပြောင်းတာဝန်ယူစေခဲ့ပါတယ်။

ပညာရေးဝန်ကြီးဌာနလက်အောက်မှာ စိုက်ပျိုးရေးသိပ္ပံ(၇)ကျောင်း ဖွင့်လှစ်နိုင်ခဲ့ရာမှ ယခင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနလက်အောက်သို့ ရောက်ရှိလာပြီးနောက် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှာ သီးနှံအထူးပြုသင်တန်းကျောင်း (၂)ကျောင်းကို ထားဝယ်နဲ့ ဟဲဟိုးမြို့တို့မှာ ဖွင့်လှစ်ခဲ့ပါတယ်။ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှာ စိုက်ပျိုးရေးသိပ္ပံအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ခဲ့ပါတယ်။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှာ စိုက်ပျိုးရေးသိပ္ပံတွေကို ပြည်နယ်၊ တိုင်းဒေသကြီးများအလိုက် ထပ်မံတိုးချဲ့ဖွင့်လှစ်မှုအရ ကချင်ပြည်နယ် စိုက်ပျိုးရေးသိပ္ပံကို (မြစ်ကြီးနား)၊ ကယားပြည်နယ်မှာ စိုက်ပျိုးရေးသိပ္ပံကို (ဒီးမော့ဆို)၊ ကရင်ပြည်နယ်မှာ စိုက်ပျိုးရေးသိပ္ပံကို ဘားအံ (ဇွဲကပင်)၊ ရခိုင်ပြည်နယ်မှာ စိုက်ပျိုးရေးသိပ္ပံကို (ကျောက်တော်)နှင့် ချင်းပြည်နယ်မှာ စိုက်ပျိုးရေးသိပ္ပံကို (လုံပီး)တို့မှာ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ သို့ဖြစ်တဲ့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှာ ယနေ့အထိ စိုက်ပျိုးရေးသိပ္ပံပေါင်း(၁၄)ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ပါတယ်။ နယ်အသီးသီးမှာ ယနေ့အထိ ဒီလိုဖွင့်လှစ်ခဲ့တဲ့ (၁၄)ကျောင်းအပြင် စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမှာ စိုက်ပျိုးရေးသိပ္ပံတစ်ခု ထပ်မံဖွင့်လှစ်နိုင်ရေးကိုလည်းပဲ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

စိုက်ပျိုးရေးသိပ္ပံတွေရဲ့ သင်ကြားရေးစနစ်ဟာ Vocational Training System ဖြစ်တာနဲ့အညီ စာတွေ့လက်တွေ့ကို (၄ဝး၆ဝ)အချိုးဖြင့် သင်ကြားပေးပြီး ကျောင်းသား၊ ကျောင်းသူတွေကို လုပ်ငန်းများ ကျွမ်းကျင်မှုရှိစေရေးအတွက် တစ်ဦးချင်း သို့မဟုတ် အုပ်စုလိုက် Assignment များပေးခြင်း၊ ကျောင်းသား၊ ကျောင်းသူတွေရဲ့ နေ့စဉ် ကွင်းလုပ်ငန်း မှတ်တမ်းများထားရှိ၍ အမှတ်ပေးခြင်း၊ ဘာသာရပ်အလိုက် လက်တွေ့လုပ်ငန်းတွေအပေါ်မှာ အမှတ်ပေးခြင်း၊ အခါအားလျော်စွာ အတန်းတွင်းစာမေးပွဲငယ်များ စစ်ဆေးခြင်းနှင့် လက်တွေ့စစ်ဆေးခြင်း၊ နှစ်ဝက်စာမေးပွဲများ စစ်ဆေးခြင်းများဖြင့် စဉ်ဆက်မပြတ် အကဲဖြတ်ခြင်း (Continuous Assessment)ကို ဆောင်ရွက်စေလျက်ရှိပါတယ်။ စိုက်ပျိုးရေးဆိုင်ရာ အတတ်ပညာတွေကို စာတွေ့လက်တွေ့ကျွမ်းကျင်အောင် သင်ကြားပေးပြီး ကျွမ်းကျင်သော အလယ်အလတ်အဆင့် စိုက်ပျိုးရေးပညာရှင်တွေကို နှစ်စဉ်မွေးထုတ်ပေးနိုင်အောင် ရည်ရွယ်အကောင်အထည်ဖော်မှုဖြစ်ပါတယ်။ စိုက်ပျိုးရေးသိပ္ပံ (၃)နှစ်သင်တန်းသို့ တက်ရောက်အောင်မြင်ပြီး ဒီပလိုမာလက်မှတ်ရရှိသူ (၁၉၂၇၁)ဦးနှင့် မွေးမြူရေးဒီပလိုမာလက်မှတ်ရရှိသူ (၄၁၇)ဦးတို့ကို ဒီပလိုမာလက်မှတ် ချီးမြှင့်ပေးလျက်ရှိရာမှာ ယနေ့အထိ စိုက်ပျိုးရေးနှင့် မွေးမြူရေးဒီပလိုမာလက်မှတ်ရသူပေါင်းဟာ (၁၉၆၈၈)ဦး၊ (၂၀၀၀၀)ဦးခန့် ရှိနေပြီး ဖြစ်ပါတယ်။ ၁၉၉၉ - ၂၀၀၀ ပြည့်နှစ်

ပညာသင်နှစ်ကစပြီး စိုက်ပျိုးရေးသိပ္ပံတွေမှာ မွေးမြူရေးဒီပလိုမာသင်တန်းတွေ ရပ်ဆိုင်းခဲ့ပြီးနောက် စိုက်ပျိုးရေးဒီပလိုမာတစ်မျိုးတည်းကိုသာ ဆက်လက် သင်ကြားဆောင်ရွက်ခဲ့ပါတယ်။

စိုက်ပျိုးရေးသိပ္ပံများမှ ထူးချွန်စွာ အောင်မြင်သူတွေကိုလည်းပဲ တစ်ကျောင်းစီမှ (၃)နှစ် အမှတ်ပေါင်းအပေါ်တွင် Top Ten Percentage နဲ့ သတ်မှတ်ရွေးချယ်ပြီး ဝင်ခွင့်စာမေးပွဲ ဖြေဆိုမှုနှင့်အတူ စိုက်ပျိုးရေးတက္ကသိုလ်ကိုလည်း တက်ရောက်ခွင့်ပြုလျက်ရှိပါတယ်။ ဒါ့အပြင် လုပ်ငန်းခွင်ကို ဝင်ရောက်တာဝန်ထမ်းဆောင်သူများအတွက်ကိုလည်းပဲ လုပ်သက်(၃)နှစ်ပြည့်မီပါက On Deputation နဲ့ တက္ကသိုလ်ကို တက်နိုင်ဖို့အတွက် ဝင်ခွင့်စာမေးပွဲ ဆောင်ရွက်စေပြီး တက်ရောက်ခွင့်ပြုလျက်ရှိပါတယ်။ စိုက်ပျိုးရေးဒီပလိုမာသင်တန်း ပြီးစီးသူတွေဟာ အဆင့်မြင့်ပညာကို ဆက်လက်သင်ကြားနိုင်တဲ့ အခွင့်အလမ်းဖွင့်ထားမှု ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်နိုင်ငံလုံးဖွံ့ဖြိုးတိုးတက်ဖို့ TVET (Technical and Vocational Education and Training) နည်းပညာနှင့် အသက်မွေးပညာ ပိုမိုလိုအပ်လာမှုရှိတဲ့အလျောက် နည်းပညာနှင့် အသက်မွေးပညာကဏ္ဍကို အရှိန်မြှင့်တင် ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ တရုတ် - မြန်မာ စီးပွားရေးစင်္ကြံတစ်လျှောက် Agricultural Higher Education နှင့် TVET အစီအစဉ်များ ပူးပေါင်းဆောင်ရွက်မှု၊ ဖွင့်လှစ်ပြီးတဲ့ စိုက်ပျိုးရေးသိပ္ပံတွေကို ဒေသန္တရဆိုင်ရာ စိုက်ပျိုးရေးကောလိပ်များ အဖြစ်သို့ အဆင့်မြှင့်တင်ခြင်းနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အဆိုပြုလွှာကိုလည်း တင်ပြထားပြီးဖြစ်တဲ့အပြင် ရေးဆွဲထားပြီးဖြစ်တဲ့ ကျွန်တော်တို့ရဲ့ မြန်မာ့စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (Agricultural Development Strategy - ADS) ၂၀၁၈ - ၂၀၁၉ ခုနှစ်မှ ၂၀၂၂ - ၂၀၂၃ ခုနှစ်မှာလည်း စိုက်ပျိုးရေးသိပ္ပံတွေကို စိုက်ပျိုးရေးကောလိပ်အဖြစ် အဆင့်မြှင့်တင် ဖွင့်လှစ်နိုင်ဖို့ ထည့်သွင်းဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ အဆိုပါ ဖွံ့ဖြိုးရေးမဟာဗျူဟာနှင့်အညီ တင်ပြခွင့်ပြုချက် ရယူပြီးတဲ့နောက်မှာ အဆင့်မြှင့်တင်ရန် သင့်တော်တဲ့ စိုက်ပျိုးရေးသိပ္ပံများကို သတ်မှတ်ရွေးချယ်ပြီး စိုက်ပျိုးရေးကောလိပ်အဖြစ် အဆင့်မြှင့်တင်နိုင်ရေးအတွက် အဆင့်ဆင့် ဆက်လက် တင်ပြခွင့်ပြုချက် ရယူခြင်း၊ စိုက်ပျိုးရေးကောလိပ်အတွက် လိုအပ်တဲ့အခြေခံအဆောက်အအုံ၊ သင်ကြားမှု အထောက်အကူ ပစ္စည်းများ ထပ်မံဖြည့်ဆည်းခြင်း၊ ဘတ်ဂျက်များဖြည့်ဆည်းခြင်းနှင့် ဝန်ထမ်းများ၊ ဆရာ၊ ဆရာမများရဲ့ အရည်အသွေး မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်ပြီး စိုက်ပျိုးရေးကောလိပ်များအဖြစ် အဆင့်မြှင့်တင် နိုင်ရေးတို့ကို စီမံအကောင်အထည်ဖော် ဆောင်ရွက်သွားရန်ဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီး မေးခွန်းပါကိစ္စရပ်ဟာ အဆိုပါအစီအစဉ် ဖြစ်မြောက်လာမှုနဲ့အတူ ပေါ်ထွက်လာမယ့်အခြေအနေဖြစ်ပါ ကြောင်း ပြန်လည်ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ကပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၉။**

**ဒေါ်လှဌေး(ခ)ဒေါ်အုန်းကြည်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုပါတယ်ရှင်။ ကျွန်မကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဒေါ်အုန်းကြည် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ တိုင်းရင်းဆေးကောင်စီ ဥပဒေကြမ်း အပေါ်မှာ စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ ဥပဒေကြမ်းအပေါ်**
**စိစစ်တင်ပြခြင်းအစီရင်ခံစာ**

စာအမှတ်၊ ၁/အမ (ကော်မတီ-၁)၁/၂၀၁၈ - ၄၆၈
ရက်စွဲ ၊ ၂၀၁၈ ခုနှစ် ၊ ဩဂုတ်လ ၁၀ ရက်

၁။ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီဥပဒေကြမ်းကို ၁၉-၆-၂၀၁၈ ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေးတွင် အစီရင်ခံစာ တင်သွင်းခဲ့ပါသည်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ဦးလှဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ဒေါက်တာသန်းဝင်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)တို့က ၂-၈-၂၀၁၈ ရက်နေ့နှင့် ၃-၈-၂၀၁၈ ရက်နေ့တို့တွင် အကြံပြုဆွေးနွေးခဲ့ကြပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးကောင်စီ၊ တိုင်းရင်းဆေးဆရာများအသင်း၊ စစ်ကိုင်းတိုင်းဒေသကြီး တိုင်းရင်းဆေးဆရာအသင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်တို့နှင့် ၆-၈-၂၀၁၈ ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ ဥပဒေကြမ်းကို လေ့လာစိစစ်ရာတွင် အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက အရေးအသား ဆီလျော်ညီညွတ်မှု ရှိစေရန်အတွက်လည်းကောင်း၊ အဓိပ္ပာယ်ပိုမိုပြည့်စုံမှုရှိစေရန်အတွက်လည်းကောင်း၊ ပြင်ဆင်ဖြည့်စွက်ခဲ့ပြီး မြန်မာ့တိုင်းရင်းဆေးပညာ၏ အဆင့်အတန်း၊ စံသတ်မှတ်ထိန်းသိမ်းရန်နှင့် ပြည်သူအများ ယုံကြည်လက်ခံ ကျင့်သုံးကြစေရန် မြန်မာ့တိုင်းရင်းဆေးပညာ၏ ပညာအဆင့်အတန်း သတ်မှတ်ချက်အပေါ်တွင် များစွာမှီတည်နေပါသောကြောင့် ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ(စ)၊ ပုဒ်မ ၃၁၊ ပုဒ်မခွဲ(ဂ)တို့နှင့် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီက အသစ်ဖြည့်စွက်ထားသည့် ပုဒ်မ ၃၁၊ ပုဒ်မခွဲ(ဃ)တို့ကို ပယ်ဖျက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ဥပဒေကြမ်းကော်မတီအနေဖြင့် အကြံပြု ဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်းသဘောတူညီချက်များအရ ပြင်ဆင်ဖြည့်စွက်သင့်သည်များကို ထပ်မံပြင်ဆင် ဖြည့်စွက်ခဲ့ပြီးဖြစ်ပါကြောင်းနှင့် ပြင်ဆင်ချက် အပြည့်အစုံကို နောက်ဆက်တွဲ ကန့်လန့်ဖြတ်ဇယားဖြင့် ပူးတွဲတင်ပြအပ်ပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေကြမ်းအပေါ် အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ တိုင်းရင်းဆေးကောင်စီ၊ တိုင်းရင်းဆေးဆရာအသင်း၊ တိုင်းရင်းဆေးဆရာအသင်း(စစ်ကိုင်းတိုင်းဒေသကြီး) ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်မှ ပညာရှင်တို့နှင့် အသေးစိတ်ညှိနှိုင်း ဆွေးနွေးခဲ့ပြီးဖြစ်ပါသဖြင့် ဥပဒေကြမ်းကော်မတီက မူလတင်ပြထားသည့် ပြင်ဆင်ချက်များနှင့် ယခုထပ်မံတင်ပြသည့် ပြင်ဆင်ချက်များအတိုင်း အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ ဥပဒေကြမ်းကို လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများကို တစ်ပိုဒ်ချင်းစီအလိုက် တင်ပြဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ဖြည့်စွက်ချက်များဖြစ်တဲ့ -

အပိုဒ် ၂(က)(ခ)(ဈ)(ဍ)(ဎ)၊ အပိုဒ် ၃(ဂ)(င)(ဆ)(ဇ)၊ အပိုဒ် ၅၊ အပိုဒ် ၆၊ အပိုဒ် ၇(က)(၃)(၄)(၆)(၇)(၁၀)၊ အပိုဒ် ၇(ခ)၊ အပိုဒ် ၈၊ အပိုဒ် ၁၀ ပြင်ဆင်ဖြည့်စွက်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင် --------

**ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ ------- သဘောတူညီချက်ရရှိတာဟာ ကျွန်တော်တို့ ဘေးဥပဒ်ဆိုတဲ့ဟာကို အခု ကျွန်တော်တို့ တစ်ပိုဒ်ချင်း အတည် ပြုတဲ့အခါမှာ ဘေးအန္တရာယ်ဆိုတဲ့ဟာကို ကျွန်တော်တို့က ဒါကိုကျွန်တော်ကန့်ကွက်ပြီးတော့ သဘောမတူတာဖြစ်ပါတယ်။ ဒီဥပဒေမှာ ကျွန်တော်တို့ ဘေးအန္တရာယ်ဆိုတဲ့ဟာက ကျွန်တော်တို့ တံတားကြီးများ ဥပဒေမှာလည်း ------------------------

**ဥက္ကဋ္ဌ**။ ။ဒါဆို ခင်ဗျား ရှင်းရှင်းပြော။ သဘောမတူဘူးဆိုရင်လည်း ကျွန်တော် ပြောမယ်။ ဥပဒေကြမ်းပူးပေါင်းကော်မတီက သဘောထားပြောပါ။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမှာ ကိုယ်စားလှယ်တော်ကြီး ဦးမောင်စိုး ဆွေးနွေးခဲ့တာက စာလုံးပေါင်း ဆွေးနွေးချက် ဖြစ်ပါတယ်။ ဥပဒ်က ပါဒ်၊ ဒါက မြန်မာစာ စာလုံးပေါင်းသတ်ပုံမှာ ပါဒ် နဲ့ ဒါမြန်မာစာ စာလုံးပေါင်းသတ်ပုံမှာ သုံးပါတယ်။ နောက်ပြီးတဲ့အခါကျတော့ ကျွန်တော်တို့ ပါဠိမှာကျတော့ ပဒ် နဲ့ သုံးပါတယ်။ ဒီနှစ်ခု ဝိဝါဒကွဲတဲ့ အခါမှာ ကျွန်တော်တို့ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီနဲ့လည်း ပြန်ညှိနှိုင်းတဲ့အခါမှာ ဘေးဥပါဒ် ဒီစာလုံးပေါင်းကို မောက်ချပါခြင်း၊ မပါခြင်းထက် ဘေးအန္တရာယ်လို့ သုံးတာဟာ ခေတ်စနစ်နဲ့လည်း ကိုက်ညီတယ်။ အင်မတန်မှလည်း ဒါ ဆီလျော်ညီညွတ်မှုရှိတယ်။ ဥပါဒ်လို့သုံးရင် ဒီ စာလုံးပေါင်း ဝိဝါဒက ကွဲပြားစရာရှိတယ်။ ဒါကြောင့်မို့လို့ ဘေးအန္တရာယ်လို့ သုံးတာဟာ အသင့်လျော်ဆုံးဖြစ်ပါတယ်လို့ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာန၊ နောက်တစ်ခါ ကျွန်တော်တို့ အထူးကော်မရှင်က

အဖွဲ့ဝင် ပညာရှင်များ၊ မြန်မာစာပညာရှင်များ၊ နောက်တစ်ခါ တိုင်းရင်းဆေးကောင်စီပါ အပါအဝင် ဒီလိုညှိနှိုင်းပြီးတော့ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။　　။ ကိုယ်စားလှယ်ကြီးဟာ ဒီလိုဆိုရင် စာလုံးအသုံးအနှုန်းပဲရှိတယ်။ ဥပဒေ အရ ပြောင်းလဲတာမရှိဘူး။ ဥပဒေ အသုံးအနှုန်းပဲ ရှိတာပဲ။

**ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၀)**။　　။ ----

**ဥက္ကဋ္ဌ**။　　။ မဲပဲ ခွဲလိုက်ပါ။

**ဥက္ကဋ္ဌ**။　　။ အဲဒါဆိုရင် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်နဲ့ ကိုယ်စားလှယ်ကြီး တင်ပြချက်ကို ကျွန်တော်တို့ မဲခွဲမှာပေါ့နော်။ အခု မဲခွဲတာကို ကျွန်တော်တို့ မတ်တပ်ရပ်ပြီးတော့ ဥပဒေကြမ်း ကော်မတီရဲ့ တင်ပြချက်ကို ထောက်ခံတဲ့သူတွေ မတ်တပ်ရပ်ပြပါ။ တကယ်လို့ မတ်တပ်ရပ်တဲ့ဦးရေ များလို့ရှိရင် ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို အတည်ပြုပါမယ်။

**ဥက္ကဋ္ဌ**။　　။ လိုက် ရေလိုက်။ ထက်ဝက်ကျော်။

**အခမ်းအနားမှူး**။　　။ ထိုင်တဲ့သူက (၁၁)ယောက်ပဲရှိပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။　　။ အားလုံးထိုင်နိုင်ပါပြီ။ မတ်တပ်ရပ်ပြတဲ့ ကိုယ်စားလှယ်ဦးရေဟာ ထက်ဝက် ကျော်ဖြစ်တဲ့အတွက် ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို အတည်ပြုပါတယ်။

ဒါကြောင့်မို့လို့ အပိုဒ် ၂(က)(ခ)(ဋ္ဌ)(ဌ)(ဍ)၊ အပိုဒ် ၃၊ အပိုဒ်ခွဲငယ်(ဂ)(င)(ဆ)(ဇ)၊ အပိုဒ် ၅၊ အပိုဒ် ၆၊ အပိုဒ် ၇(က)၊ အပိုဒ်ခွဲငယ်(၃)(၄)(၆)(၇)(၁၀)၊ အပိုဒ် ၇(ခ)၊ အပိုဒ် ၈၊ အပိုဒ် ၁၀ ဟာ ဤ ဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်ပါတယ်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။　　။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းရဲ့ -

အပိုဒ် ၁၄ ရဲ့ ခြေဆင်း၊ အပိုဒ် ၁၄(ခ)(ဆ)၊ အပိုဒ် ၁၅ ရဲ့ ခြေဆင်း၊ အပိုဒ် ၁၅(က)(င)၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀၊ အပိုဒ် ၂၂၊ အခန်း(၁၁)ရဲ့ အခန်းခေါင်းစဉ်၊ အပိုဒ် ၂၉(က)၊ အပိုဒ် ၃၀၊ အပိုဒ် ၃၄ ပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။　　။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့ သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၄ ခြေဆင်း၊ အပိုဒ် ၁၄(ခ)(ဆ)၊ အပိုဒ် ၁၅ ခြေဆင်း၊ အပိုဒ် ၁၅(က)(င)၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀၊ အပိုဒ် ၂၂၊ အခန်း(၁၁) အခန်းခေါင်းစဉ်၊ အပိုဒ် ၂၉(က)၊ အပိုဒ် ၃၀၊ အပိုဒ် ၃၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းရဲ့ -

အပိုဒ် ၃၆၊ အပိုဒ် ၃၇၊ အပိုဒ် ၃၈၊ အပိုဒ် ၄၀၊ အပိုဒ် ၄၂၊ အပိုဒ် ၄၄ တို့နဲ့ အပိုဒ် ၄၅ ရဲ့ ခြေဆင်း၊ အပိုဒ် ၄၆(က)၊ အပိုဒ် ၄၇(က)(ခ)(ဂ)၊ အပိုဒ် ၄၈(ဂ) ပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃၆၊ အပိုဒ် ၃၇၊ အပိုဒ် ၃၈၊ အပိုဒ် ၄၀၊ အပိုဒ် ၄၂၊ အပိုဒ် ၄၄၊ အပိုဒ် ၄၅ ခြေဆင်း၊ အပိုဒ် ၄၆(က)၊ အပိုဒ် ၄၇(က)(ခ)(ဂ)၊ အပိုဒ် ၄၈(ဂ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းရဲ့ -

အပိုဒ် ၄၉၊ အပိုဒ် ၅၀၊ အပိုဒ် ၅၂၊ အပိုဒ် ၅၆၊ အပိုဒ် ၅၇၊ အပိုဒ် ၅၈၊ အပိုဒ် ၅၉၊ အပိုဒ် ၆၀၊ အပိုဒ် ၆၁၊ အပိုဒ် ၆၂၊ အပိုဒ် ၆၈(ခ) ပြင်ဆင်ချက်များကိုလည်း လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄၉၊ အပိုဒ် ၅၀၊ အပိုဒ် ၅၂၊ အပိုဒ် ၅၆၊ အပိုဒ် ၅၇၊ အပိုဒ် ၅၈၊ အပိုဒ် ၅၉၊ အပိုဒ် ၆၀၊ အပိုဒ် ၆၁၊ အပိုဒ် ၆၂၊ အပိုဒ် ၆၈(ခ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းရဲ့ -

အပိုဒ် ၁၅ ရဲ့ ခြေဆင်း၊ အပိုဒ် ၁၅(စ)၊ အပိုဒ် ၁၇ ရဲ့ ခြေဆင်း၊ အပိုဒ် ၃၁(ဂ)၊ အပိုဒ် ၄၇(ဃ) နဲ့ အပိုဒ် ၇၁ တို့ကိုတော့ လိုအပ်မှုမရှိတဲ့အတွက်ကြောင့်မို့လို့ လွှတ်တော်က ပယ်ဖျက် အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက်အတည် ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်နဲ့ အတည်ပြုထားခဲ့တဲ့ အပိုဒ် ၃(စ)နှင့် အဆိုပြု ပြဋ္ဌာန်းချက် အပိုဒ် ၆၊ အပိုဒ်ခွဲ(က)(၉)တို့ကိုတော့ အဆိုပြု ပြဋ္ဌာန်းချက်အတိုင်း အမျိုးသားလွှတ်တော်မှ ဆက်လက် အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည် ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ အမျိုးသားလွှတ်တော်ကြီးကနေပြီးတော့ ပြင်ဆင်ချက်များနဲ့ အတည်ပြုလိုက်တဲ့ ဥပဒေကြမ်းရဲ့ အပိုဒ်၊ အပိုဒ်ခွဲများမှအပ ဖြစ်တဲ့ ကျန်ရှိတဲ့ အပိုဒ်၊ အပိုဒ်ခွဲများကိုတော့ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း အမျိုးသားလွှတ်တော်မှ ဆက်လက်အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

**အချိန်၊ ၁၀း၅၆။**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ်(၃၀)ခန့် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၀း၅၆ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၂၆ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၂၆။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိမိတို့ရဲ့ လက်ကိုင်ဖုန်းများ ပိတ်ထားပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ် ခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက နယ်နိမိတ်တိုင်းတာ ပိုင်းခြား သတ်မှတ်ရေးဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်းခြင်း

**အချိန်၊ ၁၁း၂၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(က)အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက နယ်နိမိတ်တိုင်းတာ ပိုင်းခြားသတ်မှတ်ရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၈။**

**ဦးလှကျော် (ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့မှာ လက်ရှိ ကျင့်သုံးလျက်ရှိတဲ့ မြန်မာနိုင်ငံတော် မြေနယ်သတ် လက်စွဲဥပဒေ (The Boundaries Act INDIA ACT V, 1880, Vol X) အနေနဲ့ လက်ရှိခေတ်စနစ်နဲ့ လျော်ညီမှုမရှိတော့တဲ့အတွက် ပြန်လည်သုံးသပ်ဖို့ရာ တည်ဆဲဥပဒေကိုရုပ်သိမ်းပြီး အသစ်ပြန်လည်ရေးဆွဲနိုင်ဖို့ နယ်နိမိတ်တိုင်းတာ ပိုင်းခြား သတ်မှတ်ရေး ဥပဒေမူကြမ်းအား ပြဋ္ဌာန်းပေးနိုင်ဖို့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အဆိုပြုတင်ပြသွားမှာ ဖြစ်ပါတယ်။

နယ်နိမိတ်တိုင်းတာ ပိုင်းခြားသတ်မှတ်ရေး ဥပဒေမူကြမ်း ရဲ့ ရည်ရွယ်ချက်ဟာ နိုင်ငံတော် အတွင်းရှိ တည်ဆဲဥပဒေများနှင့်အညီ သတ်မှတ်ထားတဲ့ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများ အတွင်းရှိ ကွင်းအကွက်များရဲ့ နယ်နိမိတ်များ တိုင်းတာခြင်း၊ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်နိုင်စေဖို့ စိုက်ထူထားရှိတဲ့ မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ်မှတ်တိုင်များကို ထိခိုက် ပျက်စီးခြင်း၊ ပြောင်းလဲခြင်း မရှိစေရန်တို့အတွက် ထိန်းသိမ်းစောင့်ရှောက်နိုင်စေရန် တိုင်းတာ ပိုင်းခြား သတ်မှတ်ထားရှိတဲ့ မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ်မှတ်တိုင်တို့အား ရာသီဥတု အခြေအနေ အရလည်းကောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့်လည်းကောင်း၊ ထိခိုက်ပျက်စီးမှု ဖြစ်ပေါ်ခဲ့ပါက တိုင်းတာခြင်း၊ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း ဆောင်ရွက်နိုင်စေရန် ဖြစ်ပါတယ်။ အဆိုပါ ရည်ရွယ်ချက် နှင့်အညီ ဥပဒေကြမ်းကို အခန်း(၈)ခန်း၊ ပုဒ်မ ၂၉ ခုနှင့် ပြင်ဆင်ရေးဆွဲ ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ နယ်နိမိတ် တိုင်းတာ ပိုင်းခြားသတ်မှတ်ရေး ဥပဒေမူကြမ်းကို ဥပဒေကြောင်းအရ စိစစ်နိုင်ဖို့အတွက် ပြည်ထောင်စု ရှေ့နေချုပ်ရုံးကို ပေးပို့ခဲ့ပြီး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့ အကြံပြုချက်များနှင့်အညီ ပြင်ဆင်ရေးဆွဲ ခဲ့ပါတယ်။ ဆက်လက်ပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ နိုင်ငံတော်သမ္မတရုံး၊ လုံခြုံရေး တည်ငြိမ် အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီနှင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ပေးပို့တင်ပြ ဆောင်ရွက်ခဲ့ပြီးတဲ့နောက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။ ပြည်ထောင်စုလွှတ်တော်မှတစ်ဆင့် အမျိုးသားလွှတ်တော်သို့ ပေးပို့ ခဲ့မှုအရ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအနေနဲ့လည်း အဆိုပါ ဥပဒေမူကြမ်းအပေါ်

(၃)ကြိမ်တိုင် ဆွေးနွေးညှိနှိုင်းခဲ့ပြီး ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ နယ်နိမိတ်တိုင်းတာ ပိုင်းခြား သတ်မှတ်ရေး ဥပဒေမူကြမ်းအား အတည်ပြု ပြဋ္ဌာန်းနိုင်ရေးအတွက် အမျိုးသားလွှတ်တော်သို့ အဆိုပြု တင်သွင်းအပ်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၁း၃၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(ခ)အရ နယ်နိမိတ်တိုင်းတာ ပိုင်းခြား သတ်မှတ်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ စိစစ်တင်ပြခြင်း အစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၁။**

**ဦးအောင်သိန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ တက်ရောက်လျက်ရှိသော လွှတ်တော်ကိုယ်စားလှယ်နှင့် ဌာနဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှင့် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ဦးအောင်သိန်း ဖြစ်ပါတယ်။ ယခု ကျွန်တော် ဖတ်ကြားမယ့် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ နယ်နိမိတ်တိုင်းတာ ပိုင်းခြားသတ်မှတ်ရေးကို ဥပဒေကြမ်းအပေါ်မှာ စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေးဥပဒေကြမ်းအပေါ်**
**စိစစ်တင်ပြခြင်းအစီရင်ခံစာ**

စာအမှတ်၊ ၁/ အမ(ကော်မတီ-၁) ၁/၂၀၁၈-၄၇၇

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က နယ်နိမိတ်တိုင်းတာပိုင်းခြား သတ်မှတ်ရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန်အတွက် ၂-၇-၂၀၁၈ ရက်နေ့တွင် ပေးပို့လာပါတယ်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ တောင်သူလယ်သမားရေးရာကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်တို့နှင့် ၁၆-၇-၂၀၁၈ ရက်နေ့၊ ၁-၈-၂၀၁၈ ရက်နေ့နှင့် ၈-၈-၂၀၁၈ ရက်နေ့တို့တွင် ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေး ဥပဒေကြမ်းကို လေ့လာစိစစ်ရာ လက်ရှိကျင့်သုံးနေသော ၁၈၈၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတော် မြေနယ်သတ် အက်ဥပဒေ(The Boundaries Act (INDIA ACT V, 1880, Vol X) သည် ခေတ်စနစ်နှင့် လျော်ညီခြင်းမရှိတော့သဖြင့် ယခုနယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေး ဥပဒေကို အသစ်ရေးဆွဲတင်သွင်းခဲ့ခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းပါ နယ်နိမိတ်တိုင်းတာ သတ်မှတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နိုင်စေရန်လည်းကောင်း၊ နယ်နိမိတ်များ ပြင်ဆင်သတ်မှတ်ရန် မြေပြင်ကွင်းဆင်း ဆောင်ရွက်သည့် အချိန်တွင် လုပ်ငန်းဆောင်ရွက်မှု ထိရောက်မြန်ဆန်စေရန်အတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်စေရန်လည်းကောင်း၊ နယ်နိမိတ်တိုင်းတာ ပိုင်းခြားသတ်မှတ်ရေး အရာရှိ၏ နယ်နိမိတ်သတ်မှတ်ချက်အပေါ် ကျေနပ်မှုမရှိပါက သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ထံ သတ်မှတ်ချက်များနှင့်အညီ အယူခံ ဝင်ရောက်နိုင်စေရန်လည်းကောင်း အသေးစိတ်ဆွေးနွေးညှိနှိုင်း ပြင်ဆင်ခဲ့ပါသည်။

၄။ ယင်းပြင်ဆင်ချက်များနှင့်အတူ ဥပဒေကြမ်းအား ပိုမိုပြည့်စုံမှုရှိစေရန်၊ ဥပဒေရေးထုံး မှန်ကန်မှုရှိစေရန်နှင့် မြန်မာစာအရေးအသား မှန်ကန်မှုရှိစေရန်အတွက် ဖြည့်စွက်သင့်သည်များကို ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ ပြင်ဆင်ချက်အပြည့်အစုံကို နောက်ဆက်တွဲ ကန့်လန့်ဖြတ် ဇယားဖြင့် ပူးတွဲတင်ပြအပ်ပါသည်။

**ကော်မတီ၏ သဘောထားမှတ်ချက်**

၅။ ဒါကြောင့် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဟာ နယ်နိမိတ်တိုင်းတာပိုင်းခြား သတ်မှတ်ရေးဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တောင်သူလယ်သမားရေးရာ ကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပြည်ထောင်စုရှေ့နေ ချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်မှ ပညာရှင်တို့နှင့် ဆွေးနွေးညှိနှိုင်းခဲ့ပြီးဖြစ်တဲ့အတွက် အမျိုးသား လွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နယ်နိမိတ်တိုင်းတာ ပိုင်းခြားသတ်မှတ်ရေးဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁း၃၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ နယ်နိမိတ်တိုင်းတာပိုင်းခြား သတ်မှတ်ရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက် အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲများကို

အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး ၂၈-၈-၂၀၁၈ (အင်္ဂါနေ့)ထက် နောက်မကျဘဲ အမျိုးသား လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**ဦးစိုးမိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)က တရားလွှတ်တော် ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် အဆို တင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၁း၃၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးမိုး က ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၈၂၊ နည်းဥပဒေခွဲ(ခ) အရ တရားလွှတ်တော် ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(က)အရ တရားလွှတ်တော် ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသား လွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုကို ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးမိုး က အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၈။**

**ဦးစိုးမိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားရပါသောအမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ၊ ဒုတိယဝန်ကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုးမိုး ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ တရားလွှတ်တော် ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းကို လွှတ်တော်ကြီးသို့ တင်သွင်းသွားမှာ ဖြစ်ပါတယ်။ ဒီဥပဒေကြမ်းကို တင်သွင်းရတဲ့ ရည်ရွယ်ချက်ကတော့ ဒီမိုကရေစီစနစ်နဲ့ လိုက်လျောညီထွေတဲ့ တရားလွှတ်တော် ရှေ့နေများကောင်စီ ဥပဒေပြန်လည် အသက်ဝင်လာစေရန်၊ ရှေ့နေများကိုယ်တိုင်က ၎င်းတို့အား စီမံခန့်ခွဲတဲ့ အဖွဲ့အစည်း ဖြစ်တဲ့ တရားလွှတ်တော် ရှေ့နေများကောင်စီကို မိမိတို့ စိတ်ကြိုက်ရွေးချယ် တာဝန်ပေးအပ်နိုင် စေရန်၊ အသစ်ဖွဲ့စည်းပေါ်ပေါက်လာမည့် တရားလွှတ်တော် ရှေ့နေများကောင်စီသည် တစ်နိုင်ငံလုံးရှိ ရှေ့နေများအား ကိုယ်စားပြုနိုင်စေရန်နှင့် တရားစီရင်ရေးစနစ် ပြုပြင်ပြောင်းလဲနိုင်ရေးအတွက် တက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ပြီးတော့ ဒီဥပဒေကြမ်းကို တင်သွင်းရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point နဲ့ တင်သွင်းခွင့်ပြုဖို့ တောင်းခံအပ်ပါတယ်။ ကျွန်တော် ယခုတင်သွင်းမယ့် တရားလွှတ်တော် ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များကိုလည်း ဖြန့်ဝေထားပြီး ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော့် အနေနဲ့ အသေးစိတ်ဖတ်ကြားတင်သွင်းခြင်း မပြုတော့ဘဲနဲ့ အကျိုးအကြောင်း ဖော်ပြချက်အနေနဲ့ စပ်လျဉ်းပြီးတော့ပဲ ရှင်းလင်းတင်သွင်းသွားပါမယ်။ တရားလွှတ်တော် ရှေ့နေများကောင်စီ ဥပဒေကြမ်းကို

တင်သွင်းရတဲ့ ကျိုးကြောင်းဖော်ပြချက်တွေကတော့ ကျွန်တော်တို့ Bar Council Act တစ်ရပ်ကို အိန္ဒိယအက်ဥပဒေအမှတ် (၃၆/၁၉၂၆)မှာ ပြဋ္ဌာန်းခဲ့ပြီးတော့ ၁-၁-၁၉၂၉ ရက်နေ့မှာ စတင်ပြီးတော့ အာဏာသက်ဝင်စေပါတယ်။

၁၉၈၉ ခုနှစ် မတိုင်ခင်အထိ Bar Council Act ကို ခေတ်ကာလအလျောက် စကားရပ်များ အစားထိုးခဲ့သည်မှအပ အထူးအထွေ ပြင်ဆင်ခဲ့ခြင်း မရှိခဲ့ပါဘူး။ ၁၉၈၉ ခုနှစ်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အက်ဥပဒေအမှတ် (၂၂/၈၉)ဖြင့် ၃၁ - ၈ - ၁၉၈၉ ခုနှစ်မှာ ပြင်ဆင်ခဲ့ပါတယ်။ ဒါကတော့ ကျွန်တော် တင်သွင်းတဲ့ ဥပဒေကြမ်းပါ။ အဲဒီမှာဆိုလို့ရှိရင် ကျွန်တော်တို့ Section 4, Sub-section 1,2,3 ဆိုပြီးတော့ (၃)ခု ပါ ပါတယ်။ နောက်တစ်ခုက ပယ်ဖျက်ထားတဲ့ တရားလွှတ်တော် ရှေ့နေများကောင်စီ အက်ဥပဒေကို ပုဒ်မ ၆ အောက်ပါအတိုင်း ပြန်လည် အစားထိုးရမည်ဆိုပြီးတော့ Section 6, Sub-section 1,2,3,4 ဆိုပြီးတော့ (၄)ခု ပါ ပါတယ်။ ဒါကတော့ ကျွန်တော်တို့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် (၂၂/၈၉)ပါ။

အဲဒီမှာ ဘာတွေပါသလဲဆိုတော့ ၁၉၈၉ ခုနှစ်တွင် ပြင်ဆင်ခဲ့တဲ့ ဥပဒေပုဒ်မ ၄ အရ Bar Council ကို ဖွဲ့စည်းရာတွင် ရှေ့နေချုပ်၊ ဒုတိယရှေ့နေချုပ်၊ တရားသူကြီးချုပ် က တင်သွင်းတဲ့ တရားရုံးချုပ် တရားသူကြီးတစ်ဦး၊ တရားရုံးချုပ်က အမည်စာရင်းတင်သွင်းတဲ့ တရားလွှတ်တော် ရှေ့နေ(၆)ဦး၊ တရားလွှတ်တော်ချုပ်က ညွှန်ကြားရေးမှူးချုပ်၊ ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် အပါအဝင် (၁၁)ဦးဖြင့် အဲဒီလို ဖွဲ့စည်းခဲ့ပါတယ်။ ပထမ မူလဥပဒေမှာကတော့ မူလဥပဒေပုဒ်မ ၄ ပြဋ္ဌာန်းချက်အရ Bar Council Act ဥပဒေကို အဖွဲ့ဝင် (၁၅)ဦးဖြင့် ဖွဲ့စည်းခဲ့ပြီးတော့ ကျွန်တော်တို့ နှစ်ပေါင်း (၆၀)ကျော် ၁၉၈၉ ခုနှစ်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေနဲ့ မပြင်ဆင်ခင်အထိ ကျွန်တော်တို့ အသုံးပြုခဲ့တာ ဖြစ်ပါတယ်။ အဲဒီတော့ ဒီပြင်ဆင်ခဲ့တဲ့ ဥပဒေဟာ ဆိုလို့ရှိရင် လက်ရှိအသုံးပြုနေတဲ့ ဒီမိုကရေစီစနစ်နဲ့လည်း ကိုက်ညီမှုမရှိပါဘူး။

အဲဒီတော့ မူလဥပဒေ ပြဋ္ဌာန်းစဉ်ကစပြီး ၁၉၈၉ ခုနှစ်အထိ ဒီမိုကရေစီနည်းဖြင့် ရွေးကောက်ပွဲ ပြုလုပ်၍ Bar Council အဖွဲ့ဝင်များကို ရွေးကောက်တင်မြှောက်ခဲ့ကြသော်လည်း ၁၉၈၉ ခုနှစ်၊ Bar Council Act ပုဒ်မ ၄ ပြင်ဆင်ပြီးနောက်ပိုင်း Bar Council အဖွဲ့ဝင်များကို တရားနည်းလမ်းကျကျ ရွေးချယ်ခန့်အပ်တဲ့စနစ်ဖြင့် ကျင့်သုံးခဲ့သည်မှာ ယနေ့အထိ ဖြစ်ပါတယ်။ အဲဒီတော့ လက်ရှိကျင့်သုံးနေတဲ့ Bar Council ဖွဲ့စည်းမှုစနစ်သည် ဒီမိုကရေစီစနစ်နှင့် ဆန့်ကျင်နေပါသဖြင့် ခေတ်စနစ်အခြေအနေများအရ ဆက်လက်အသုံးပြုရန် သင့်လျော်ခြင်း မရှိတော့ပါဘူး။ သို့ပါသောကြောင့် တရားလွှတ်တော် ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် အက်ဥပဒေကို ကျွန်တော်တို့ အမျိုးသားလွှတ်တော်ကြီးက လက်ခံဆွေးနွေး အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်သွင်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၄၂။**

**ဥက္ကဋ္ဌ။**　။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁:၄၂။**

**ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးမိုး တင်သွင်းသွားတဲ့ တရားလွှတ်တော် ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုကို မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်မ ဒေါ်မြတ်သီတာထွန်း က ထောက်ခံအပ်ပါတယ်ရှင်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လက်ခံဆွေးနွေးရန် သင့်/မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁:၄၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၂)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံ ဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံ ဆွေးနွေးရန် သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဦးစိုးမိုး တင်သွင်းသည့် တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံ ဆွေးနွေးရန် ဆုံးဖြတ်ကြောင်းနှင့် ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်ကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာ့သတ္တုတွင်းနည်းဥပဒေများကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာခြင်းအား အမျိုးသားလွှတ်တော်သို့ အသိပေးတင်ပြခြင်း**

**အချိန်၊ ၁၁:၄၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၃)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် မြန်မာ့သတ္တုတွင်း နည်းဥပဒေများကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက်များကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာ့သတ္တုတွင်းနည်းဥပဒေများကို ဆွေးနွေးလိုသည့်လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁း၄၄။**

**ဥက္ကဋ္ဌ။**　။ အစီအစဉ်(၁၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာ့သတ္တုတွင်း နည်းဥပဒေများကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် နည်းဥပဒေ၊ နည်းဥပဒေခွဲ အလိုက် အသေးစိတ်ဖော်ပြလက်မှတ်ရေးထိုးပြီး ၂၈-၈-၂၀၁၈ (အင်္ဂါနေ့)ထက် နောက်မကျဘဲ အမျိုးသား လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**ဦးမျိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၏ မြန်မာနိုင်ငံတွင် လယ်ယာ၊ ဥယျာဉ်ခြံမြေများကို စည်းကမ်းမဲ့စွာ အကွက်ဖော် ရောင်းစားနေကြခြင်းတို့ကြောင့် စိုက်ပျိုးမြေများ အလျင်အမြန် လျော့နည်း လာခြင်း၊ မြို့ပေါ်နှင့် ကျေးရွာများတွင် နောင်တစ်ချိန် လိုအပ်ပါက အသုံးပြုနိုင်ရန် ချန်လှပ်ထားသော မြေလွတ်များ ပျောက်ဆုံးကုန်ခြင်းစသည်တို့နှင့် အဓိကသက်ဆိုင်သော စီမံခန့်ခွဲမှုကော်မတီ၊ စည်ပင် သာယာရေးကော်မတီနှင့် လယ်ယာမြေစီမံခန့်ခွဲမှု ကော်မတီအဆင့်ဆင့် (ကော်သုံးကော်) တို့၏ လျော့ရဲပြီး အဂတိတရားမကင်းသည့် လုပ်ဆောင်ချက်များကို ထိရောက်စွာ ထိန်းညှိပေးနိုင်မည့် အစီအမံ တစ်ခုကို အလျင်အမြန် ရေးဆွဲပြဋ္ဌာန်း အကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း**

**အချိန်၊ ၁၁း၄၅။**

**ဥက္ကဋ္ဌ။**　။ အစီအစဉ်(၁၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း တင်သွင်းထားသည့် မြန်မာနိုင်ငံတွင် လယ်ယာ၊ ဥယျာဉ် ခြံမြေများကို စည်းကမ်းမဲ့စွာ အကွက်ဖော် ရောင်းစားနေကြခြင်းတို့ကြောင့် စိုက်ပျိုးမြေများ အလျင်အမြန် လျော့နည်းလာခြင်း၊ မြို့ပေါ်နှင့် ကျေးရွာများတွင် နောင်တစ်ချိန် လိုအပ်ပါက အသုံးပြုနိုင်ရန် ချန်လှပ် ထားသော မြေလွတ်များ ပျောက်ဆုံးကုန်ခြင်း စသည်တို့နှင့် အဓိကသက်ဆိုင်သော စီမံခန့်ခွဲမှု ကော်မတီ၊ စည်ပင်သာယာရေးကော်မတီနှင့် လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီအဆင့်ဆင့် (ကော်သုံးကော်) တို့၏ လျော့ရဲပြီး အဂတိတရားမကင်းသည့် လုပ်ဆောင်ချက်များကို ထိရောက်စွာ ထိန်းညှိပေးနိုင်မည့် အစီအမံတစ်ခုကို အလျင်အမြန် ရေးဆွဲပြဋ္ဌာန်း အကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးရန် ကျန်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ဆက်လက် ဆွေးနွေးဖို့ ဖြစ်ပါတယ်။ ဆွေးနွေးမယ့်ကိုယ်စားလှယ်များ တစ်ဦးလျှင် (၈)မိနစ်ထက်မပိုဘဲ ဆွေးနွေးခွင့်ပြုမှာ ဖြစ်ပါတယ်။

ပထမဦးစွာ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်နော်ခရစ္စထွန်း(ခ)ဒေါက်တာ အားကာမိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၄၅။**

**နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်မကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဝင်း ရဲ့ အဆိုကို ထောက်ခံအကြံပြု ဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ Power Point အသုံးပြုခွင့်ပေးဖို့ တောင်းခံအပ်ပါတယ်။ လူ့ဘောင် အသိုင်းအဝိုင်း တည်ဆောက်ခြင်းနှင့် လူသားတွေရဲ့ အလေ့အထအမျိုးမျိုးတွေအတွက် မြေဟာ မရှိမဖြစ်အရေး ပါ ပါတယ်။ စိုက်ပျိုးရေးအခြေပြုတဲ့ ကျွန်မတို့ နိုင်ငံမှာ မြေနှင့်ပတ်သက်ပြီး တောင်သူတစ်ဦးက မြေဟာ ကျွန်တော်တို့ရဲ့ ဘဝဖြစ်သလို ကျွန်တော်တို့ရဲ့ ဂုဏ်သိက္ခာလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့ လိုအပ်တဲ့ စားစရာတွေပေးတယ်။ နေထိုင်စရာလည်း ဖြစ်တယ်။ မိသားစု စည်းလုံးနေထိုင်စေတဲ့ နေရာလည်း ဖြစ်တယ်။ မျိုးဆက်တစ်ခုနဲ့ တစ်ခုကြားအမွေဆက်ခံလာတဲ့ တန်ဖိုးအရှိဆုံး အမွေဖြစ်တယ်လို့ အလေးအနက် အဓိပ္ပာယ်ဖွင့်ခဲ့ပါတယ်။

ကျွန်မတို့နိုင်ငံမှာ မြေအသုံးချမှုနှင့်ပတ်သက်ပြီး ဥပဒေတွေရှိသလို စီမံခန့်ခွဲမှု အမျိုးမျိုးနဲ့ အဆင့်ဆင့် ရှိပါတယ်။ မြေနဲ့ပတ်သက်ပြီး ဝန်ကြီးဌာနအလိုက် စီမံခန့်ခွဲမှုတွေ ရှိသလို တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်၊ မြို့နယ်အလိုက် မြေစီမံခန့်ခွဲမှုကော်မတီ၊ စည်ပင်သာယာရေးကော်မတီ၊ လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီ အဆင့်ဆင့်တွေက စီမံခန့်ခွဲကြပါတယ်။ ဥပဒေနှင့်အညီ လုပ်ဆောင်မှုများ ရှိခဲ့သလို၊ ဥပဒေရဲ့ရှုပ်ထွေးမှု၊ လိုအပ်ချက်၊ ဥပဒေမလိုက်နာမှုတွေ၊ အကျင့်ပျက်မှုတွေရှိခဲ့လို့ မြေနဲ့ပတ်သက်ပြီး ခုအချိန်မှာ ပြဿနာတွေ၊ အခက်အခဲတွေ ဖြေရှင်းနေရပါတယ်။ အဂတိတရားမကင်းတဲ့လုပ်ဆောင်မှုတွေနဲ့ ဆက်လက်လုပ်ဆောင်မြဲ လုပ်ဆောင်နေတာတွေလည်း ရှိနေပါတယ်။ သမ္မတသစ် ဦးဝင်းမြင့် ရဲ့ မိန့်ခွန်းမှာ ဥပဒေမဲ့ သိမ်းဆည်းခံခဲ့ရတဲ့ လယ်ယာမြေတွေ ပြန်လည်ရရှိဖို့အတွက် ပြောခဲ့သလို မကြာသေးမီက ဌာနအသီးသီးကို မြေသိမ်းဆည်းမှုတွေ အမြန်ဆုံးဖြေရှင်းဖို့ ညွှန်ကြားခဲ့ပါတယ်။ ဒါပေမဲ့လည်း အခုအချိန်အထိ မြို့မြေနဲ့ လယ်ယာမြေတွေဟာ သိမ်းဆည်းခဲ့သည်ဖြစ်စေ၊ မူလပိုင်ဖြစ်စေ အဆိုရှင်ရဲ့ အဆိုအတိုင်းပဲ မြို့၊ ကျေးရွာ၊ မြေနဲ့ လယ်ယာမြေတွေဟာ ပြောင်းလဲအသုံးချခွင့်တွေ လျော်ကန်မှု မရှိတာ၊ စိုက်ပျိုးမြေတွေ လျော့နည်းလာတာ၊ လိုအပ်လို့ အသုံးပြုဖို့ ပလပ်မြေတွေ မရှိတော့တာ၊ အိမ်ခြံမြေ အငြင်းပွားမှုတွေ ဖြစ်ပေါ်နေတာတွေ တွေ့နေရပါတယ်။

ကျွန်မတို့နိုင်ငံမှာ စိုက်ပျိုးမြေတွေ သိမ်းဆည်းကာ ပြောင်းလဲအသုံးချတာကြောင့် စိုက်ပျိုးမြေလျော့နည်းလာတာဟာ နိုင်ငံရဲ့ စားနပ်ရိက္ခာဖူလုံမှုကို ကျဆင်းစေသလို နိုင်ငံရဲ့ GDP ကို ကျဆင်းစေပါတယ်။ ၁၉၈၇ ခုနှစ် မြေသိမ်းဥပဒေ၊ ၁၉၉၁ ခုနှစ်၊ မြေလွတ်၊ မြေလပ်နဲ့ မြေရိုင်း ဥပဒေတွေနဲ့အတူ မလျော်ကန်တဲ့မြေသိမ်းမှုတွေ အများကြီး ဖြစ်ပေါ်ခဲ့သလို ဒေသအသီးသီးမှာ မြေပေးမိန့်တွေ ရှိခဲ့ပါတယ်။ ဥပဒေ ကျော်လွန်တဲ့ ပြောင်းလဲအသုံးချခွင့်တွေလည်း ရှိခဲ့ပါတယ်။ အဲဒီလို

မှားယွင်းတဲ့ မြေယာစီမံခန့်ခွဲမှုတွေကြောင့် စိုက်ပျိုးမြေတွေ လျော့နည်းလာခဲ့ပြီး မြို့မြေ၊ ကျေးရွာမြေတွေလည်း ရှားပါးလာတဲ့အပြင် မြေတန်ဖိုးတွေ မြင့်တက်လာခဲ့တာ ဒီနေ့အထိပါပဲ။

ကမ္ဘာပေါ်မှာ မြေတန်ဖိုးအမြင့်ဆုံးဖြစ်တဲ့ မိုနာကိုလို နိုင်ငံက ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံပါ။ ဖွံ့ဖြိုးမှုနည်းတဲ့ ကျွန်မတို့နိုင်ငံက မြေတန်ဖိုးမြင့်တက်နေတာက Economic Crisis ဖြစ်စေပါတယ်။ အဲဒီအတွက်လည်း နိုင်ငံတကာရဲ့ Investment လုပ်ဖို့ အခက်အခဲဖြစ်စေပါတယ်။ မြေယာစီမံခန့်ခွဲမှုနဲ့ ပတ်သက်ပြီး ကျွန်မရဲ့ မဲဆန္ဒနယ်အခြေအနေကို အနည်းငယ် တင်ပြချင်ပါတယ်။ စိုက်ပျိုးမြေနဲ့ ပတ်သက်ပြီး မြေလွတ်၊ မြေလပ်နဲ့ မြေရိုင်းစီမံခန့်ခွဲမှုဗဟိုက ဧက သောင်းချီ သိမ်းဆည်းခဲ့တာ ရှိပါတယ်။ ဧကသိန်းချီတဲ့ တောရိုင်းမြေလည်း ရှိနေဆဲပါ။ ဒါတွေအားလုံးဟာ လက်ရှိဒေသခံ စိုက်ပျိုးလုပ်ကိုင်နေတဲ့ မြေတွေ ဖြစ်ပါတယ်။ ဌာနဆိုင်ရာအသီးသီးကလည်း ကြက်ဆူစီမံကိန်း၊ ကော်ဖီစီမံကိန်း၊ စင်ကိုနာစီမံကိန်း၊ ရာဘာစီမံကိန်းတွေနဲ့ စိုက်ပျိုးမြေတွေကို လုပ်ငန်းအကောင်အထည်ဖော်ခဲ့တာ မအောင်မြင်ခဲ့တာလည်း ရှိပါတယ်။ ဒီနေ့အထိ နစ်နာဆုံးရှုံးတဲ့ တောင်သူတွေကို ပြန်လည်မအပ်နှံတာလည်း ရှိပါတယ်။ မြို့မြေ၊ ကျေးရွာမြေတွေကလည်း အငြင်းပွားမှုတွေ ဖြစ်နေကြပါတယ်။

ကျွန်မရဲ့ မဲဆန္ဒနယ်တစ်ခုလုံးမှာ နှစ်ပေါင်းများစွာ ဥပဒေလုပ်ထုံးလုပ်နည်းတွေ နားမလည်ဘဲ ကင်းကွာခဲ့တဲ့အတွက် အခုအချိန်အထိ မြေငှားဂရန် ရရှိပြီးသူ ဆယ်ဂဏန်းပဲ ရှိပါတယ်။ ပိုင်ဆိုင်မှုအတွက် လုပ်ဆောင်ရကောင်းမှန်း မသိပါဘူး။ လမ်းဧရိယာနဲ့မလွတ်တဲ့ အိမ်တွေ၊ ဆိုင်တွေလည်း ရှိပါတယ်။ အမှုတစ်ခုမှာဆိုရင် စီမံခန့်ခွဲမှုလွဲမှားမှုကြောင့် နှစ်ပေါင်း(၂၀)ကျော်ကြာမှ လက်ရှိနေထိုင်တဲ့ ဒေသခံကို တရားစွဲဆိုတဲ့ မြေပေးမိန့်အရ ပိုင်ရှင်ပေါ်လာပါတယ်။ ၁၉၅၈ ခုနှစ်ကတည်းက နေထိုင်လာခဲ့တဲ့ ကျွန်မတို့ရဲ့ မိသားစုပိုင်မြေနဲ့အတူ လမ်းဘေးမှာရှိတဲ့ အိမ်တွေအားလုံးကို မြို့မြေ စီမံခန့်ခွဲမှုကြောင့် လျော်ကြေး တစ်စုံတစ်ရာမှ မရဘဲ အုတ်တံတိုင်းကာရံပြီး ဖယ်ရှားခံခဲ့ရပါတယ်။ ဒါပေမဲ့ အခုအချိန်မှာတော့ အဲဒီနေရာတွေမှာ ပိုင်ရှင်သစ် အိမ်တွေ၊ ဆိုင်တွေ၊ ကားဂိတ်တွေ ဖြစ်လို့နေပါတယ်။ မိသားစုပိုင် အိမ်တွေကိုလည်း စည်ပင်က ထိန်းသိမ်းထားဆဲပါ။ အလားတူပဲ စီမံခန့်ခွဲမှု အလွဲတွေ အဂတိမကင်းတဲ့ လုပ်ဆောင်မှုတွေကြောင့် ပြန်လည်အပ်နှံတဲ့ စိုက်ပျိုးမြေပဲဖြစ်ဖြစ်၊ အိမ်ခြံမြေတွေပဲဖြစ်ဖြစ် မူလပိုင်ရှင် နစ်နာသူ တောင်သူတွေ၊ ဆုံးရှုံးသူတွေ ပြန်လည်ရရှိနိုင်မယ့်အခွင့်အရေး နည်းပါးပြီး ပိုင်ရှင်အသစ်တွေနဲ့ပဲ ဖြစ်ပေါ်နေပါတယ်။ အဂတိမကင်းတဲ့ လုပ်ဆောင်မှုတွေကလည်း ရှိနေပါတယ်။ အဲဒီအတွက် အဆိုရှင်ရဲ့ အဆိုအတိုင်း မြေယာစီမံခန့်ခွဲမှုကို အချိန်မီ စီမံထိန်းကျောင်းဖို့ လိုပါတယ်။ အချုပ်အနေနဲ့ FAO ရဲ့ မြေယာလုပ်ပိုင်ခွင့် လမ်းညွှန်ချက် စာပိုဒ်အမှတ် ၄၁ မှာ ဖော်ပြထားသလို လူမှုရေးနဲ့ စီးပွားရေး တိုးတက်ဖွံ့ဖြိုးဖို့အတွက် အဓိကကျတဲ့ မြေယာလုပ်ပိုင်ခွင့်အပေါ် အစိုးရအနေနဲ့ တာဝန်ယူမှုရှိရှိနဲ့ စီမံအုပ်ချုပ်ဖို့ တိုက်တွန်းရင်း အဆိုရှင်ရဲ့ အဆိုကို ထောက်ခံဆွေးနွေးအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

လွန်ခဲ့သော နှစ်(၂၀)မှ မြေပေးမိန့် ချထားခံရခြင်းမသိသော ဒေသခံအိမ်မြေ မြင်ကွင်းပုံ(ဗ)



**အချိန်၊ ၁၁း၅၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမြမင်းဆွေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၅၁။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်တစ်ရပ်လုံးကို မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးမြမင်းဆွေ ဖြစ်ပါတယ်။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း ရဲ့ အဆိုကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဆိုမှာပါဝင်တဲ့ လယ်ယာ၊ ဥယျာဉ်ခြံမြေများကို စည်းကမ်းမဲ့စွာ အကွက်ဖော် ရောင်းချနေကြခြင်း ဆိုတဲ့အချက်ကို ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံအတွင်းမှာရှိကြတဲ့ မြို့ရွာတွေရဲ့ အနာဂတ်မှာ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ဖို့ကို ရှေးရှုပြီးတော့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ နိုင်ငံတော်အနေဖြင့် မြို့ပြများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ မူဝါဒတွေ ချမှတ်ပြီးတော့ လုပ်ငန်းတွေ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိတာကို တွေ့ရမှာဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်လာတဲ့ ခေတ်စနစ်နဲ့အညီ မြို့ကြီးတွေမှာ Town Plan တွေရေးဆွဲပြီး အကောင်အထည်ဖော်ခြင်း၊ အိမ်ရာလိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်း လုပ်ငန်းများ ဆောင်ရွက်နေတာကို တွေ့ရမှာ ဖြစ်ပါတယ်။ သက်ဆိုင်ရာမြို့အလိုက် နောင်လာမယ့် နှစ်(၂၀)မှာ တိုးတက်လာမယ့် လူဦးရေနဲ့ ဖွံ့ဖြိုးလာမယ့် အခြေအနေကို မျှော်မှန်းပြီးတော့ လုံခြုံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသည်တို့ကို ဘက်စုံရှုမြင်သုံးသပ်ပြီးတော့ စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ရမှာဖြစ်ပါတယ်။ လူနေအိမ်မြေကွက် တစ်ကွက်ရဲ့ အကျယ်ဟာ (၂၄၀၀)စတုရန်းပေ ရှိရမယ်။ အိမ်မြေကွက် မျက်နှာစာတန်းဟာ ပေ(၅၀၀) သို့မဟုတ် မြေကွက်(၁၂)ကွက်အကျယ်ရှိရမယ်။ လမ်းတွေကို ကြည့်မယ်ဆိုရင်လည်း လမ်းမကြီးအကျယ်ဟာ ပေ(၆၀) ကနေ (၈၀)အထိ ရှိရမယ်။ မြို့တွင်းလမ်းတွေဆိုရင် ပေ(၅၀) ရှိရမယ်။ မီးဘေးအန္တရာယ် ကြုံတင်တားဆီးနိုင်ရန် လမ်းတိုင်းမှာ မီးသတ်ကားတွေ ဝင်/ထွက်နိုင်ရန် စီစဉ်ထားရမယ်။ စသဖြင့်

သတ်မှတ်ချက်တွေရှိပါတယ်။ စျေး၊ အားကစားကွင်းတွေ၊ အမှိုက်ကျင်းတွေ ရေစီးရေလာ ကောင်းမွန်ဖို့ စတဲ့ စနစ်တကျဖြစ်ဖို့ စံ သတ်မှတ်ချက်တွေလည်း ရှိပါတယ်။

ဒါပေမဲ့ လက်ရှိ ဖြစ်နေတဲ့အနေအထားက ဒီစံသတ်မှတ်ချက်တွေနဲ့ လုံးဝ ကိုက်ညီမှုမရှိတဲ့ ဥပဒေမဲ့ အကွက်ဖော် ရောင်းချမှုတွေကို တွေ့ရမှာဖြစ်ပါတယ်။ လမ်းတွေဟာဆိုရင်လည်း (၁၀)ပေ (၁၅)ပေအကျယ်နဲ့ ကြုံသလိုလုပ်နေကြတာကို တွေ့ရမှာဖြစ်ပါတယ်။ အဆိုရှင် ပြောသလိုပါပဲ။ စည်းကမ်းမဲ့၊ ဥပဒေမဲ့ လုပ်ရပ်တွေကို လုပ်နေကြတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒီဥပဒေမဲ့လုပ်ရပ်တွေကို အရေးယူလိုက်ခြင်းအားဖြင့် ဒီပြဿနာတွေကို ဖြေရှင်းနိုင်မယ်လို့လည်း ကျွန်တော့်အနေနဲ့ မထင်ပါဘူး။ ဒီဥပဒေမဲ့ ဖြစ်ရပ်တွေ ဖြစ်နေကြတဲ့ အကြောင်းအရင်းတွေကိုသာ ကျွန်တော်တို့ လေ့လာကြရမှာဖြစ်ပါတယ်။ ဒီဥပဒေမဲ့ မြေကွက်ရိုက်ကြတဲ့ အကြောင်းအရင်းတွေကို လေ့လာကြည့်မယ်ဆိုရင် အကြောင်းအရင်းများစွာ တွေ့ရမှာဖြစ်ပါတယ်။ ဒီအကြောင်းအရင်းတွေထဲက အနည်းငယ် လေ့လာကြည့်မယ်ဆိုရင် ကျွန်တော်တို့ ပြည်သူတွေဟာ စားဝတ်နေရေးပြဿနာကို နေ့စဉ် ရင်ဆိုင်ဖြေရှင်းနေရတာ ဖြစ်ပါတယ်။ ဒီ စားရေး၊ ဝတ်ရေး၊ နေရေး ပြဿနာတွေထဲမှာ ဒီနေ့ ကျွန်တော်တို့ ပြည်သူတွေ ရင်ဆိုင်နေကြရတာက နေရေးပြဿနာပဲ ဖြစ်ပါတယ်။ ဒီနေ့ ပြည်သူတွေ ကြုံတွေ့နေရတဲ့ နေရေးပြဿနာကို အစိုးရအနေနဲ့ ပြေလည်အောင် ဖြေရှင်းဖို့ လိုအပ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၆(ဂ)မှာ နိုင်ငံတော်သည် အများပြည်သူတို့၏ နေထိုင်မှုအဆင့်အတန်း မြှင့်တင်ရေးနဲ့ အထွေထွေအရင်းအနှီးများ တိုးတက်ဖွံ့ဖြိုးရေးတို့ကို ရှေးရှုဆောင်ရွက်မည်လို့ ပြဋ္ဌာန်းပါရှိပါတယ်။ အစိုးရအနေဖြင့် အများပြည်သူ လိုအပ်နေတဲ့ အိမ်ဝိုင်းကွက်တွေကို ဖော်ဆောင်ပေးရမယ်။ တန်ဖိုးနည်းအိမ်ရာတွေကို ဖော်ဆောင်ပေးရမှာဖြစ်ပါတယ်။ ဒီနေ့ ပြည်သူတွေရဲ့ လိုအပ်ချက်တွေကို အစိုးရအနေနဲ့ ထိရောက်စွာ ဖြေရှင်းဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ ဒါကို အစိုးရအနေဖြင့် ဖြေရှင်းမပေးနိုင်တဲ့အခါမှာ ဒါကို အခွင့်ကောင်းယူပြီးတော့ ဝိသမလောဘ စီးပွားရေးသမားများက ကိုယ်ကျိုးရှာ၊ စီးပွားရှာကြရင်းနဲ့ ဒီနေ့ ဒီပြဿနာတွေ ဖြစ်လာကြတာဖြစ်ပါတယ်။ ဒါတွေကို ဥပဒေအရ ဖြေရှင်းမယ်ဆိုရင် အဓိက နစ်နာကြသူတွေက ကျွန်တော်တို့ ဆင်းရဲသားပြည်သူတွေ၊ လစာနည်း ဝန်ထမ်းတွေနဲ့ ပင်စင်စားတွေပဲ ဖြစ်ပါတယ်။ မြို့ထဲမှာ မဝယ်နိုင်ကြလို့ မြို့စွန်မြို့ဖျားက ဥပဒေမဲ့ အကွက်ဖော် ရောင်းချကြတဲ့ မြေတွေကို ချွေးနည်းစာလေးတွေ စုပြီးတော့၊ အရဲစွန့်ပြီးတော့ ဝယ်ခြမ်းခဲ့ကြတဲ့ ကျွန်တော်တို့ ဆင်းရဲသားပြည်သူတွေပဲ ဖြစ်ပါတယ်။ ဒီအချက်ကိုလည်း ကျွန်တော်တို့ အလေးထား ထည့်သွင်းစဉ်းစားဖို့ လိုအပ်မှာဖြစ်ပါတယ်။

နောက်တစ်ချက်က ကျွန်တော်တို့ ကျေးလက်နေပြည်သူတွေ ကျေးလက်မှာ စားဝတ်နေရေးအဆင်မပြေကြလို့ အလုပ်အကိုင်အခွင့်အလမ်းတွေ များများရှိတဲ့မြို့ကြီးတွေကို ပြောင်းလာကြတယ်။ နောက် စီးပွားရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်တဲ့အခါမှာ မြို့စွန်တွေမှာ လုပ်ငန်းတွေ တိုးချဲ့လုပ်ကိုင်ကြရင်းနဲ့ မြို့တွေ ပိုမိုကြီးမားလာတယ်။ ကျယ်ပြန့်လာတယ်။ ဒါကို မကြီးပါနဲ့။ မကျယ်ပါနဲ့လို့ ကျွန်တော်တို့ တားလို့မရပါဘူး။ ခေတ်စနစ်နဲ့အညီ ဖွံ့ဖြိုးတိုးတက်မှုကိုတော့ လက်ခံရမှာ ဖြစ်ပါတယ်။ ရန်ကုန်မြို့ကြီးကို ကြည့်မယ်ဟေ့ဆိုရင်လည်း ကျွန်တော်တို့ ၁၉၈၈ ခုနှစ်မတိုင်ခင်က (၈၀)စတုရန်းမိုင်ပဲ ရှိခဲ့ရာကနေပြီးတော့ အခုဆိုရင် စတုရန်းမိုင်(၃၀၀)ကျော်နေပြီဖြစ်ပါတယ်။ နှစ်(၃၀)လောက်အတွင်းမှာ ကျွန်တော်တို့ လေးဆနီးပါး ကျယ်ပြန့်လာတဲ့အနေအထားကို တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီနေ့

အစိုးရအနေဖြင့် ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ပေးသင့်ပေးထိုက်တဲ့ လယ်ယာမြေ အခြားနည်း သုံးစွဲခွင့်ကိုပေးပြီးတော့ မပေးသင့်တဲ့ကိစ္စတွေဆိုရင်လည်း ထိထိရောက်ရောက် ဥပဒေနဲ့အညီ တားမြစ်ရမှာဖြစ်ပါတယ်။ တစ်ဖက်မှာလည်း မြို့ပြကြီးထွားမှု၊ မြို့ပြစိန်ခေါ်မှုတွေကို ကြိုတင် မျှော်မှန်းပြီးတော့ လက်ဦးမှုရယူ ဖြေရှင်းဆောင်ရွက်ရမှာဖြစ်ပါတယ်။ နောက် ရေးဆွဲထားတဲ့ Town Plan တွေဆိုရင်လည်း ဒီ Town Plan အတိုင်း လုပ်ငန်းတွေ အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါမှသာလျှင် အနာဂတ်မှာ စနစ်ကျနတဲ့ မြို့ရွာများ ပေါ်ပေါက်လာမှာဖြစ်ပါတယ်။

နိဂုံးချုပ် ဆွေးနွေးလိုတာကတော့ ကျွန်တော်တို့ အစိုးရအနေဖြင့် ဒီနေ့ အဆိုမှာပါတဲ့ စည်းကမ်းမဲ့ အကွက်ဖော်ရောင်းချမှုတွေ မဖြစ်အောင် တိုးတက်လာတဲ့လူဦးရေ၊ ခေတ်စနစ်နဲ့အညီ မြို့ပြစီမံကိန်း Town Plan တွေရေးဆွဲပြီးတော့ စနစ်ကျနတဲ့ မြို့မြေကွက်တွေကို အစိုးရကိုယ်တိုင် ဖော်ထုတ်ပေးခြင်း၊ တန်ဖိုးနည်းအိမ်ရာများ ဖော်ဆောင်ပေးခြင်းများကို ဆောင်ရွက်ပေးခြင်းအားဖြင့် ယနေ့ ကျွန်တော်တို့ ပြည်သူတွေ ရင်ဆိုင်နေကြရတဲ့ နေရေးပြဿနာကို ဖြေရှင်းဆောင်ရွက်ရာ ရောက်ပြီးတော့ အနာဂတ်မှာလည်း စနစ်ကျနတဲ့ မြို့ရွာများ ပေါ်ပေါက်လာမှာဖြစ်ပါတယ်လို့ ဆွေးနွေးရင်းနဲ့ပဲ နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၅၆။**

**ဥက္ကဋ္ဌ။** ။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၅၆။**

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ နှုတ်ဆက်ရင်း ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ် ဖြစ်ပါတယ်။ ကျွန်တော်က ဦးမျိုးဝင်း မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)ရဲ့ အဆိုကို ထောက်ခံပြီး ဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ အာဏာရှင်ခေတ်တွေကနေ ဒီမိုကရေစီခေတ်ကို ပြောင်းနေတဲ့ အသွင်ကူးပြောင်းစအခြေအနေထဲမှာပဲ ရှိနေပါတယ်။ အဲဒါကြောင့် အစိုးရဌာနတွေမှာ လုပ်ပိုင်ခွင့်အာဏာတွေ ကြွင်းကျန်ခဲ့ပြီးတော့ အခုအချိန်မှာ ပိုလျှံနေတယ်လို့ ယူဆပါတယ်။ အခု ကျေးလက်မြေ၊ မြို့ပြမြေတွေ စီမံခန့်ခွဲမှုနဲ့ ပတ်သက်တဲ့ ပြဿနာတွေဟာ လုပ်ပိုင်ခွင့်အာဏာ ပိုရနေတဲ့ ပြဿနာတွေပဲဖြစ်ပါတယ်။ လက်ရှိ အုပ်ချုပ်ရေးစနစ်ဟာ ဒီမိုကရေစီမှာ အသားမကျသေးတဲ့ အတွက် ယခင်က အမူအကျင့်၊ စိတ်ဓာတ်၊ လုပ်ထုံးတွေ ကျန်ရှိနေပြီးတော့ လွှမ်းမိုးချုပ်ကိုင်နေပါတယ်။ ဒါကြောင့် ပြည်သူတွေ ဒုက္ခရောက်နေရတာ ဖြစ်ပါတယ်။ တာဝန်ရှိသူတွေရဲ့ တာဝန်အလွဲသုံးစားမှုကြောင့် ပြုပြင်ပြောင်းလဲရေးလုပ်ပြီး တိုက်တွေ ထူထောင်ရာမှာ အခက်အခဲတွေ တွေ့နေရတာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့မဲဆန္ဒနယ်က ဖြစ်ရပ်နှစ်ခုကို တင်ပြချင်ပါတယ်။ စပါးရိတ်သိမ်းစ လယ်မြေတစ်ခုထဲကို မြေတူးစက်တစ်စီး ရောက်လာပါတယ်။ နောက်ပြီးတော့ လမ်းဖောက်သွားပါတယ်။ ခဏလေးနဲ့ လမ်းတစ်လမ်း ပြီးစီးသွားပါတယ်။ လယ်သမားက ကြိုတင်ပြီးတော့ သတင်းလည်းမရ။ ဘာမှ မသိလိုက်ပါဘူး။ မည်သူ့ကို တိုင်ကြားရမှန်းမသိဘဲ ဖြစ်သွားခဲ့ပါတယ်။ နောက်

ဖြစ်ရပ် တစ်ခုကတော့ လောလောဆယ် ဖြစ်ပွားနေဆဲဖြစ်ပါတယ်။ ကျေးရွာတစ်ရွာပိုင် စားကျက်မြေပေါ်မှာ လာပြီးတော့ ကျူးကျော်ထွန်ယက်နေကြတာ ရှိပါတယ်။ နှစ်စဉ်နှစ်တိုင်း သက်ဆိုင်ရာကို ငွေပေးပြီးတော့ စိုက်ပျိုးနေကြတာ ကြာလှပါပြီ။ ဒီနှစ်မှာတော့ စားကျက်ပိုင်ရှင် ကျေးရွာက ခွင့်မပြုတော့ ပြဿနာတက်လာပါတယ်။ မြေယာစီမံခန့်ခွဲရေးကော်မတီကိုလည်း တိုင်ပါတယ်။ မြို့နယ်အုပ်ချုပ်ရေးမှူးနဲ့ အထက်ကိုလည်းတိုင်ပါတယ်။ ကျေးရွာအုပ်ချုပ်ရေးမှူးက မျက်စိရှေ့မှာပဲ ကျူးကျော်နေတာကိုတွေ့လျက်နဲ့ တရားမစွဲပါဘူး။ မြို့နယ်အုပ်ချုပ်ရေးမှူးကို တရားစွဲခိုင်းပါတယ်။ သူကလည်း မစွဲပါဘူး။ အစက ကျူးကျော်သူ(၁)ဦးကနေ (၁၀)ဦးခန့် ရှိလာပါတယ်။ ကျေးရွာအချင်းချင်းကြားမှာ ပြဿနာ တက်လာပါတယ်။ ဆိုတော့ အခု မြို့နယ်အုပ်ချုပ်ရေးမှူးကို နိုင်ငံတော်သမ္မတဆီ တိုက်ရိုက်တိုင်ကြားထားပါတယ်။ အောက်မှာက အချင်းချင်းကာကွယ်ပေးတဲ့ ကွင်းဆက်တွေရှိနေတာကြောင့် သမ္မတကြီးဆီ တိုက်ရိုက်တိုင်ကြားရတာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သဘောတရားအရဆိုရင် ဒီမိုကရေစီနဲ့ ကောင်းမွန်တဲ့အုပ်ချုပ်ရေးစနစ် Good Governance ဖြစ်ဖို့အတွက် ပြည်သူနဲ့ ပြည်သူ့ကိုယ်စားလှယ်တွေ ပါဝင်ဖို့လိုပါတယ်။ ဒါဟာ ဌာနဆိုင်ရာတွေကို အာဏာလျှော့ချဖို့အတွက် ဖြစ်ပါတယ်။ နောက်ပြီးတော့ မြေယာစီမံခန့်ခွဲရေးကို တလွဲအသုံးချတဲ့အာဏာပိုင်တွေကို ဥပဒေအရ အရေးယူဖို့နဲ့ ထိန်းချုပ်ထားနိုင်ဖို့ လိုပါတယ်။ ဒီလို ထိန်းချုပ်ဖို့ ဥပဒေနဲ့ လုပ်ထုံးလုပ်နည်း Institution အသစ်တွေလည်း လိုအပ်မှာဖြစ်ပါတယ်။ အထူးသဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူးတွေ၊ ဦးစီးဌာနတွေဆီမှာ လုပ်ပိုင်ခွင့်အာဏာတွေကို စုပုံမထားဖို့ လိုပါတယ်။ တစ်ဦး၊ တစ်ယောက်၊ တစ်ဖွဲ့ပေါ်မှာ စုပုံထားလို့ရှိရင် အလွဲသုံးစားမှုနဲ့ အဂတိလိုက်စားမှုအတွက် အခွင့်အရေးပေးနေသလို ဖြစ်ပါတယ်။ မြို့နယ်တစ်ခုမှာ ဒီ (ကော်သုံးကော်)ဟာ အရေးအကြီးဆုံးပါ။ ဒီအထဲမှာမှ မြို့နယ်အုပ်ချုပ်ရေးမှူးမှာ ပေါင်းစပ်ညှိနှိုင်းရေးအာဏာထက် ဒေါင်လိုက် အထက်အောက် ဆက်ဆံရေးအာဏာက ပိုကြီးထွားနေပါတယ်။ သူ့ရုံးကဝန်ထမ်းတွေအပေါ်မှာ ဆက်ဆံသလိုမျိုး ကျန်ဌာနတွေကိုလည်း သူက ဆက်ဆံပါတယ်။ ဒီဟာတွေကို ထိန်းချုပ်ဖို့ မြို့နယ်အုပ်ချုပ်ရေးမှူးနဲ့ ခရိုင်အုပ်ချုပ်ရေးမှူး ဥပဒေတွေ ပြင်ဆင်ပေးဖို့လိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ခေတ်အဆက်ဆက်က လက်ကျန်ဖြစ်တဲ့ သိမ်းဆည်းမြေစိစစ်ရေးကော်မတီတွေမှာ လွှတ်တော်ကိုယ်စားလှယ်တွေကို အခုအချိန်မှာ ပူးပေါင်းပါဝင်ခွင့်ပေးတာဟာ လက်တွေ့မြေပြင်အခြေအနေနဲ့ ကိုက်ညီတဲ့အတွက် နမူနာကောင်းတစ်ခုဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေ ပူးပေါင်းပါဝင်နေတာဟာ စီမံခန့်ခွဲရေးနဲ့ အုပ်ချုပ်ရေးအာဏာရှိသူတွေအပေါ်မှာ ဝင်ရောက်စွက်ဖက်ဖို့မဟုတ်ပါဘူး။ အသွင်ကူးပြောင်းစအခြေအနေမှာ အတိုင်းအတာတစ်ခုအထိ ပါဝင်ထားတာသာ ဖြစ်ပါတယ်။ ကျေးလက်၊ မြို့ပြ မြေအသုံးချ စီမံခန့်ခွဲရေးအပိုင်းမှာ ဘေးတိုက် ဆက်ဆံရေးအနေနဲ့ အတိုင်ပင်ခံဖြစ်စေ၊ အကြံပေးဖြစ်စေ၊ သက်သေဖြစ်စေ ကိုယ်စားလှယ်တွေ ပါဝင်ဖို့ လိုအပ်နေကြောင်း ဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဗိုလ်မှူးကြီးအောင်ထွန်းလင်း (တပ်မတော်သားကိုယ်စားလှယ်)** ။ ။ -------------- ခရိုင်ကနေ စပြီးတော့မှ ဒီမြေယာတွေနဲ့ ပတ်သက်ပြီး စည်းကမ်းမဲ့ ဆောင်ရွက်တာတွေ၊ ဆောင်ရွက်နေတယ်ဆိုတာ ပြောဆိုသွားတာရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီစကားလုံးလေးကိုတော့ ပြန်လည်ပြင်ဆင်ပေးဖို့ တင်ပြအပ်ပါတယ်။

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ အာဏာရှင်စနစ်ဆိုတဲ့ ကျွန်တော်တို့ ဒီမိုကရေစီခေတ်မှာလည်း အာဏာရှင်ရှိသလို၊ အာဏာသိမ်းတဲ့အစိုးရလက်ထက်မှာလည်း အာဏာရှင်စနစ်ဆိုတာ ရှိပါတယ်။ အာဏာကို ကြာရှည်စွာ ဆုပ်ကိုင်ထားတဲ့သူကို အာဏာရှင်လို့ ခေါ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ပြီးခဲ့တဲ့ အစိုးရခေတ် တစ်လျှောက်လုံးကလည်း ကျွန်တော်တို့ အာဏာရှင်ဆိုတဲ့ စကားလုံး အသုံးအနှုန်းကို ------- ဘယ်သူကို ရည်ရွယ်တယ်ဆိုတာက ဘယ်အဖွဲ့အစည်းကို ရည်ရွယ်တယ်ဆိုတာက နောက်ဒီဟာ ကန့်ကွက်စရာအကြောင်း မရှိပါဘူးလို့ ကျွန်တော်တင်ပြလိုပါတယ်။ (ဩဘာသံများ)

**ဒုတိယဗိုလ်မှူးကြီးအောင်ထွန်းလင်း (တပ်မတော်သားကိုယ်စားလှယ်)** ။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ အာဏာရှင် ဆိုတာ ဒါ အာဏာကို ကြာရှည်သုံးစွဲဆုပ်ကိုင်ထားတယ်ဆိုတဲ့ စကားလုံး။ ဟုတ်လား။ ဒါတွေက ပုဂ္ဂလိကဆိုင်ရာ ထင်မြင်ယူဆချက်တွေပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော် ကန့်ကွက်တာ အကြောင်းအရင်းကတော့ ဒီအဆိုနဲ့ မလျော်ညီတဲ့အကြောင်းအချက်တွေ၊ နောက်တစ်ခါ အသုံးအနှုန်းတွေ ဒါတွေသုံးစွဲလို့ ကန့်ကွက်တာ ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဒီကန့်ကွက်ချက်နဲ့ ပတ်သက်လို့ ကျွန်တော်တို့ ပြန်လည်စိစစ်မယ်။ အဆိုနဲ့ မသက်ဆိုင်ဘူးဆိုရင်တော့ ကျွန်တော်တို့ ပယ်ဖျက်ပေးပါမယ်။

**အချိန်၊ ၁၂း၀၃။**

**ဥက္ကဋ္ဌ။** ။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ကျော်ဝင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၀၃။**

**ဦးကျော်ကျော်ဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း အဆိုအား အကြံပြု ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံတော်သည် နိုင်ငံတော်ရှိ မြေအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်၍ ပြည်ထောင်စုဥပဒေပြုစာရင်းဇယား(၁)တွင် မြေယာစီမံခန့်ခွဲမှုလုပ်ငန်းများနှင့် ပတ်သက်၍ ပြဋ္ဌာန်းထားပါတယ်။ မြေသည် လူသားတို့၏ အရင်းနှီးဆုံးသောဥစ္စာဖြစ်ပါတယ်။ မြေသည် လူ့ဘဝ ရှင်သန်ရေး၊ စားရေး၊ ဝတ်ရေး၊ နေရေးတို့ကို ဖန်တီးပေးပါတယ်။ မြေသည် လူတို့၏ မကောင်းသည့်အတွက် လယ်ယာမြေများ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ၊ အုပ်ချုပ်ရေးမြေများနှင့် ပတ်သက်၍ ပြဿနာများစွာ ရှုပ်ထွေးလျက်ရှိပါတယ်။ ကျွန်တော့်မြို့နယ်မှာလည်း အလားတူ ပြဿနာများစွာ ရှိနေပါတယ်။ လူဦးရေပေါက်ဖွားနှုန်းများကြောင့် ပြဿနာများစွာ ရှိပါတယ်။ ရသေ့တောင်၊ မောင်တော၊ ဘူးသီးတောင်ဒေသရှိ အဆောက်အအုံများ စီမံခန့်ခွဲရေး၌ တရားဝင်၊ တရားမဝင် အဆောက်အအုံများ စိစစ်ရေးကော်မတီကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ၁၂-၉-၂၀၁၆ ရက်နေ့ ရုံးအမှတ်(၂၆/ ၂၀၁၆)မှာ ဖွဲ့စည်းပေးထားသည်ကို သိရှိရပါတယ်။ တရားမဝင် အဆောက်အအုံများ အမည်စာရင်း ထုတ်ပြန်ထားပြီး ဖြစ်ပါတယ်။ ယနေ့အချိန်အထိ လုပ်ဆောင်ချက်မတွေ့ရပါ။ ဒီဥပဒေအရ ဘယ်လိုဆောင်ရွက်

သင့်တယ်ဆိုတာ (ကော်သုံးကော်)မှာ တာဝန်ရှိပါတယ်။ ရခိုင်ပြည်နယ်အစိုးရမှ ငါးမွေးမြူရေးအတွက် ဘတ်ဂျက်တွေချပေး၊ လယ်ယာမြေပေါ်မှာ ငါးကန်တွေ တူးကြပါတယ်။ ငါးလည်းမရှိ။ လယ်ယာမြေလည်း ပျက်စီးသွားပါတယ်။ ပြောင်းရွှေ့လုပ်ကိုင်စားသောက်လာသည့် မောင်တောမြို့နယ်အတွင်း ရခိုင်လူမျိုး အိမ်ထောင်စု(၄၀)နဲ့ ဘုန်းကြီးကျောင်းတစ်ကျောင်းအား လွန်ခဲ့သည့်နှစ်လကျော်ခန့်က စီမံခန့်ခွဲရေးကော်မတီ၏လုပ်ရပ်ကြောင့် လူသားချင်းမစာနာဘဲ မိုးသည်းထန်စွာ ရွာသွန်းနေသည့် အချိန်တွင် ဖြိုဖျက်ခဲ့မှုကြောင့် အိုးမဲ့အိမ်မဲ့ဘဝ ရောက်ခဲ့ရပါတယ်။

လယ်ယာမြေ ဖြေရှင်းရာတွင် ရပ်ကွက်၊ ကျေးရွာလယ်ယာမြေစီမံခန့်ခွဲရေးကော်မတီမှ မြို့နယ်စီမံခန့်ခွဲရေးကော်မတီသို့ မြို့နယ်စီမံခန့်ခွဲရေးကော်မတီမှ ခရိုင်သို့၊ ခရိုင်မှ တိုင်းဒေသကြီး၊ ပြည်နယ်အထိ အဆင့်ဆင့်အယူခံရပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲရေး ကော်မတီအဆင့်ဆင့်၏ အဆုံးအဖြတ်သည် အပြီးအပြတ် ဖြစ်စေရမည်ဟု ပြဋ္ဌာန်းထားပါတယ်။ နစ်နာကြေး၊ လျော်ကြေးများကိုတော့ ဗဟိုအဖွဲ့မှ လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ရမည်လို့ ပြဋ္ဌာန်းထားပါတယ်။ အုပ်ချုပ်ရေးမြေကို မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအုပ်ချုပ်ရေး၏ စီမံခန့်ခွဲပိုင်ခွင့်ရှိသည့်မြေများ ဖြစ်ပါတယ်။ စည်ပင်သာယာရေးကော်မတီ၏ ပြဿနာကတော့ ခွင့်ပြုချက်မရှိဘဲဖြစ်စေ၊ ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ညီညွတ်မှုမရှိဘဲဖြစ်စေ၊ အဆောက်အအုံများကို ဖြိုဖျက်ခြင်း အများပြည်သူနှင့်ဆိုင်သည့်နေရာများ ကျူးကျော်ဆောက်လုပ်သည်ကို ဖယ်ရှားစေခြင်းကိစ္စရပ်များအား မဆောင်ရွက်သည့်အတွက် ပြဿနာများစွာ ရှိနေပါတယ်။

စီမံခန့်ခွဲရေးကော်မတီမှာလည်း မြို့နယ်အုပ်ချုပ်ရေးမှူးက ဥက္ကဋ္ဌ၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှာလည်း မြို့နယ်အုပ်ချုပ်ရေးမှူး အကြီးအကဲဖြစ်ပါတယ်။ မြို့နယ်အုပ်ချုပ်ရေးမှူး လုပ်ပိုင်ခွင့်နှင့် စီမံခန့်ခွဲမှုကော်မတီရဲ့ လုပ်ပိုင်ခွင့်မှာ တူသလိုလို ဖြစ်နေပါတယ်။ စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ပိုင်ခွင့်မှာ ပြဿနာပေါ်လာတိုင်း ကော်မတီ၏ဆုံးဖြတ်ချက်လို့ ပြောကြပါတယ်။ သို့သော် ၎င်းကော်မတီမှာလည်း ဥက္ကဋ္ဌက မြို့နယ်အုပ်ချုပ်ရေးမှူးဖြစ်ပြီး ကျန်အဖွဲ့ဝင်တွေကတော့ အစိုးရဌာနဆိုင်ရာတွေပဲဖြစ်ပါတယ်။ စကားရပ်များ အစားထိုးခြင်းဥပဒေအရသော်လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၈၈ တွင်လည်းကောင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးအား မြို့နယ်တစ်ခုလုံး၏ အကြီးအကဲအဖြစ်လည်းကောင်း လွှဲပြောင်းပေးအပ်ထားပါတယ်။ မြို့နယ်တစ်ခုလုံးမှာ ဝန်ကြီးဌာနတစ်ခု၏ ဦးစီးဌာနမရှိသည့် နေရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူးမှ ဥက္ကဋ္ဌ အဖြစ် တာဝန်ယူထားရပါတယ်။ ဒါကို ပြောရမယ်ဆိုရင် အေဂျင်စီလို့ ခေါ်ပါတယ်။ ဒါကြောင့် မြို့နယ်တစ်ခုလုံး၏ အကြီးအကဲဖြစ်သည့်အတွက် စီမံခန့်ခွဲရေးကော်မတီ မလိုအပ်ကြောင်း ဆွေးနွေးလိုပါတယ်။

အဆိုရှင်၏ အဆိုတွင် ရေးဆွဲပြဋ္ဌာန်းရန် တိုက်တွန်းထားသည့်အတွက် စီမံခန့်ခွဲရေး ကော်မတီအား ဆက်လက်ထားရှိမယ်ဆိုရင် စီမံခန့်ခွဲရေးကော်မတီအဖွဲ့၌ ပြည်သူပါဝင်မှု၊ ပြည်သူ ပါဝင်လာစေရန် ရေးဆွဲပြဋ္ဌာန်းသင့်ကြောင်း အကြံပြုဆွေးနွေးလိုပါတယ်။ (ကော်သုံးကော်)တို့၏ လုပ်ဆောင်ချက်များနှင့်ပတ်သက်၍ တာဝန်နဲ့လုပ်ပိုင်ခွင့်များ အလွဲသုံးစားလုပ်ဆောင်သည့်အတွက် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာများကို လိုက်နာဆောင်ရွက်မှုမရှိလျှင် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ ပြစ်မှု

ဆိုင်ရာဥပဒေ၊ အဂတိဥပဒေတွေအရ ထိရောက်စွာ အရေးယူသင့်ကြောင်း အကြံပြုဆွေးနွေးအပ်ပါသည်။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၀၈။**

**ဥက္ကဋ္ဌ။** ။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၀၈။**

**ဦးလှဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဂါရဝပြုနှုတ်ခွန်း ဆက်ပါတယ်။ ကျွန်တော်က စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဦး ဖြစ်ပါတယ်။

ကျွန်တော် ဆွေးနွေးမှာက မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)က ဦးမျိုးဝင်း တင်သွင်းထားတဲ့ အဆိုကို ထောက်ခံဆွေးနွေးမှာ ဖြစ်ပါတယ်။ အဆိုရှင်က လယ်ယာ ဥယျာဉ်ခြံမြေနှင့် မြေလွတ်များ လျော့နည်းပျောက်ဆုံးကုန်ခြင်းအတွက် သက်ဆိုင်တဲ့ကော်မတီတို့ရဲ့ လျော့ရဲပြီး အဂတိတရားမကင်းတဲ့ လုပ်ဆောင်ချက်များအပေါ် ထိန်းညှိပေးနိုင်မယ့် အစီအမံတစ်ခု အလျင်အမြန် ရေးဆွဲပြဋ္ဌာန်းပေးဖို့ အစိုးရကို တိုက်တွန်းထားတဲ့အဆိုတစ်ခု ဖြစ်ပါတယ်။ ဒီအဆိုဟာ ယနေ့ မြန်မာနိုင်ငံ နေရာအနှံ့အပြား မှာဖြစ်ပွားနေတဲ့ မြေယာကိစ္စများကို ဥပဒေမဲ့ စီမံဖန်တီးနေကြတဲ့အချိန်မှာ အထူးလိုအပ်နေတဲ့ အဆိုတစ်ခု ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူလူထုတစ်ရပ်လုံးရဲ့ စားနပ်ရိက္ခာဖူလုံမှု၊ ရေအရင်းအမြစ်ကြွယ်ဝမှု၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုနဲ့ မြို့ပြနဲ့ လူနေဝန်းကျင် အေးချမ်း သာယာမှု၊ စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းမှုတို့အတွက် နိုင်ငံအဝန်းမှာရှိတဲ့ မြေအရင်းအမြစ်များကို မျက်မှောက်ကာလအတွက်မှာ သာမက အနာဂတ်မျိုးဆက်သစ်များအတွက်ပါ ထည့်သွင်းစဉ်းစား စီမံခန့်ခွဲဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ လက်တွေ့အခြေအနေမှာ သက်ဆိုင်ရာ တာဝန်ရှိသူတွေက အဲဒီ မြေအရင်းအမြစ် များကို စီမံခန့်ခွဲရာမှာ ပြည်သူလူထုတစ်ရပ်လုံးအတွက် အဓိကမထားဘဲ စီမံခန့်ခွဲနေကြပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီအဆင့်ဆင့်များဟာ အုပ်ချုပ်ရေးမှူးများ ပါဝင်ဖွဲ့စည်းထားပါတယ်။ မြေယာဥပဒေကျွမ်းကျင်တဲ့ မြေစာရင်းဦးစီးဌာနများနဲ့ ပေါင်းပြီးတော့ မြေယာများကို စီမံခန့်ခွဲတဲ့နေရာမှာ အဂတိမကင်းကြပါဘူး။ အဂတိကို အဓိကထားပြီး လက်ရှိ၊ လက်တွေ့ အမည်ပေါက်လုပ်ကိုင်နေကြတဲ့ လယ်သမားတို့ရဲ့ မြေယာကွက်တွေ၊ ဥယျာဉ်ခြံမြေ တွေကို အခြားနည်းအသုံးချခွင့် ခေါင်းစဉ်နဲ့ ကုမ္ပဏီများနဲ့ပေါင်းပြီး အဓမ္မရယူနေကြတာပါ။ ပုံပြင် မဟုတ်ပါဘူး။ ဒီနေ့ ဒီနိုင်ငံမှာ လက်တွေ့ဖြစ်နေကြတဲ့ လယ်မဲ့၊ ယာမဲ့၊ ဥယျာဉ်မဲ့ဖြစ်သွားကြတဲ့ ဆင်းရဲသား လယ်သမားတွေရဲ့ ကြီးမားတဲ့ ဒုက္ခတွေပါပဲ။ ဒါတွေဟာ ဘာကြောင့်ဖြစ်ရသလဲဆိုရင် ကျွန်တော် ပြောခဲ့တဲ့ မြေယာစီမံခန့်ခွဲခဲ့ကြတဲ့၊ အာဏာရှိကြတဲ့ ကော်မတီတွေ၊ မြေစာရင်းဌာနတွေရဲ့ တာဝန်မဲ့ လုပ်ပိုင်ခွင့် များကို အလွဲသုံးစားပြုနေကြလို့ပါပဲ။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ ခရိုင်စီမံခန့်ခွဲမှု ကော်မတီနဲ့ တိုင်းဒေသကြီး၊ ပြည်နယ် စီမံခန့်ခွဲမှုကော်မတီတို့ဟာ သက်ဆိုင်ရာဒေသရဲ့ ကြီးကြပ်စီမံခန့်ခွဲနေကြတဲ့ကော်မတီများ ဖြစ်ကြပါတယ်။ ကျေးရွာတွေနဲ့ ရပ်ကွက်တွေမှာရှိတဲ့ လယ်သမားများနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများပေါင်းပြီးတော့ လယ်ယာမြေစာရင်းပေါက် မြေအရင်းအမြစ်များကို နည်းလမ်းမကျတဲ့ အကွက်ရိုက်ရောင်းချ ဝယ်ယူနေကြပါတယ်။ ဝယ်ယူသူများရဲ့စာချုပ်တွေမှာ လက်မှတ်ရေးထိုးတဲ့အခါမှာ Percentage ငွေကြေးများယူနေကြတာကို စီမံခန့်ခွဲရေးကော်မတီများက သိနေပါလျက်နဲ့ လျစ်လျူရှုနေကြပါတယ်။

Power Point သုံးစွဲခွင့်ပြုဖို့ တောင်းခံအပ်ပါတယ်ခင်ဗျား။ ရောင်းမှား၊ ဝယ်မှား ဖြစ်ကြပေမယ့် လက်တွေ့မှာ ဝယ်ယူထားတဲ့ မြေကွက်များကို ကာရံထားတဲ့ ကွန်ကရစ်ကျောက်တိုင် ဝင်းထရံတွေကို အုပ်ချုပ်ရေးမှူးအာဏာပိုင်တို့က ဖျက်သိမ်းဖယ်ရှားခိုင်းပါတယ်။ မလိုက်နာရင် ဝယ်ယူတဲ့ကာယကံရှင်ကို တရားစွဲပါတယ်။ ဇာစ်မြစ်တရားခံက တာဝန်ကိုမကျေပွန်ကြတဲ့ သက်ဆိုင်ရာကော်မတီများဖြစ်ကြပါတယ်။ တာဝန်နဲ့ ရပိုင်ခွင့်တွေကို မိမိကိုယ်ကျိုးအသုံးချခဲ့တဲ့ တာဝန်မဲ့ကော်မတီများကို တာဝန်ပျက်ကွက်မှုနဲ့ အရေးယူရမှာ ဖြစ်ပါတယ်။ အဲဒီကော်မတီတွေကတော့ လွတ်နေပြီး မြေဝယ်တဲ့သူတွေအပေါ်မှာ ငွေကြေးဆုံးရှုံးတဲ့အပြင် တရားစွဲခံရတဲ့ တရားခံတောင်ဖြစ်သွားပါတယ်။ ဒါဟာ ဆန်းစစ်ကြည့်ရင် ထမ်းဆောင်ရမယ့် တာဝန်၊ စောင့်ထိန်းရမယ့် ကျင့်ဝတ်နဲ့ လိုက်နာရမယ့် စည်းကမ်းတွေကို မကျေပွန်ကြတဲ့ စီမံခန့်ခွဲမှုကော်မတီအဆင့်ဆင့်များ၊ လယ်ယာမြေ စီမံခန့်ခွဲမှုကော်မတီအဆင့်ဆင့်များကြောင့် ဖြစ်ရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံဟာ လယ်သမားနိုင်ငံ ဖြစ်ပါတယ်။ လယ်သမားတွေဟာ မြေယာအရင်းအမြစ်ကို အားကိုးရတဲ့သူတွေ ဖြစ်ပါတယ်။ စီမံကိန်းများ အကြောင်းပြပြီး မြေယာများသိမ်းယူလို့ စိုက်ပျိုးမြေများ လျော့နည်းကုန်ပါပြီ။ တိုင်းပြည်အတွက် ဆန်စပါးရိက္ခာလည်း လျော့နည်းကုန်ပါပြီ။ အဲဒီလို စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ စည်းကမ်းမဲ့စွာ လုပ်ဆောင်နေတာတွေ၊ အကွက်ရိုက်ရောင်းချနေတာတွေဟာ နယ်မြေခံ လယ်ယာမြေစီမံခန့်ခွဲမှုအဆင့်ဆင့်များ၊ စီမံခန့်ခွဲရေးကော်မတီအဆင့်ဆင့်တို့ဟာ ပူးပေါင်းပါဝင်ကြတာတွေ၊ အဖွဲ့အစည်းအချင်းချင်း ထိန်းကျောင်း၊ ညှိနှိုင်း၊ ပေါင်းစပ်လုပ်ကိုင်ရန်လိုအပ်နေတဲ့ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ တိုင်းစည်ပင်သာယာရေးအဖွဲ့တို့က အတူတကွ ဆောင်ရွက်သင့်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြေအရင်းအမြစ်တွေကို စီမံခန့်ခွဲကြတဲ့ အနီးကပ်ဆုံးကော်မတီတို့ဟာ ကျွန်တော် အထက်ကဆွေးနွေးခဲ့တဲ့ ပြည်သူလူထုတစ်ရပ်လုံးအတွက် မျက်မှောက်ကာလအတွက်ရော၊ အနာဂတ် မျိုးဆက်သစ်များအတွက်ရော ထည့်သွင်းစဉ်းစားကြဖို့ လွှတ်တော်အသံဟာ ပြည်သူ့အသံမို့ သက်ဆိုင်ရာ ဌာနဆိုင်ရာအားလုံးဟာလည်းပဲ ခေတ်ကာလ ပြောင်းလဲခြင်းနဲ့အတူ အမြန်ဆုံး ပြောင်းလဲကြဖို့ အထူးတိုက်တွန်းအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်တင်ပြလိုတာက အဆိုမှာ ပါဝင်တဲ့ ကော်မတီသုံးရပ်ဟာ ပြည်သူများရွေးချယ်ထားတဲ့ စည်ပင်သာယာရေးကော်မတီ၊ လယ်ယာစီမံခန့်ခွဲရေးကော်မတီနဲ့ဌာနဆိုင်ရာများနဲ့ ဖွဲ့စည်းထားတဲ့ စီမံခန့်ခွဲရေးကော်မတီတို့ဟာ ပြည်သူများရဲ့ အခြေခံကျတဲ့

အဖွဲ့အစည်းများ ဖြစ်ကြပါတယ်။ အဲဒီကော်မတီသုံးရပ်ဟာ ပြည်သူ့အကျိုးစီးပွားထက် ကိုယ်ကျိုးစီးပွားကိုသာ ဦးစားပေးပြီး မြေယာနဲ့ပတ်သက်တဲ့ကိစ္စမှန်သမျှ အဂတိတရားမကင်းတဲ့ လုပ်ဆောင်ချက်များ မိမိတို့ရဲ့တာဝန်ကို တာဝန်မခံဘဲ၊ ပြောင်းလဲခြင်းကို မလိုက်ကြဘဲ လျော့ရဲပေါ့ဆ နေကြပါတယ်။ ဒါကြောင့် ပြည်ထောင်စုအစိုးရက အစီအမံတစ်ခုကို အလျင်အမြန် ရေးဆွဲပြဋ္ဌာန်းပေးဖို့ ထိရောက်စွာ ထိန်းညှိပေးနိုင်ဖို့ အထူးလိုအပ်နေပါကြောင်း ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

မြေစာရင်း(ပုံစံ-၇)ပါ စိုက်ပျိုးထားသည့် မြင်ကွင်းပုံ(ဘ)



မြေစာရင်း(ပုံစံ-၇)ပါ စိုက်ထူထားသည့် မြင်ကွင်းပုံ(ဘ-၁)



မြေစာရင်း(ပုံစံ-၇)ပါ စိုက်ထူထားသည့် မြင်ကွင်းပုံ(ဘ-၂)



**အချိန်၊ ၁၂း၁၃။**

**ဥက္ကဋ္ဌ။**　　။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးရန်ကျန်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း၊ ပြည်ထောင်စု အဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ် ရယူခြင်းတို့ကို (၁၃)ရက်မြောက်နေ့ ၂၉-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့)တွင် ကျင်းပမယ့် အစည်းအဝေးတွင် ဆက်လက် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၃)ရက်မြောက်နေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၂း၁၃။**

**ဥက္ကဋ္ဌ။**　　။ အစီအစဉ်(၁၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက် ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်း အနားမှူး။**　　။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။**　　။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ၁၂း၁၃ နာရီအချိန်တွင် ရပ်နားပါသည်။]